ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့၊ (17-1-2006) (၄၈၄၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တွေ့ဆုံမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွန်းစုတပ်နယ်ခန်းမ၌ တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ပုလဲဈေးကွက်တွင် အခြားနိုင်ငံများ၏ ပုလဲများထက် အရည်အသွေးကောင်းပြီး လူကြိုက်များသောပုလဲများကို ကြိုးပမ်းထုတ်လုပ် ခေတ်မီပုလဲမွေးမြူရေးလုပ်ငန်း၌ တိုင်းရင်းသားလုပ်ငန်းရှင်များအပိုင်းက စိတ်ဝင်စားလာပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာအောင် အားပေးပျိုးထောင်

ရန်ကုန်　　ဇန်နဝါရီ　၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုလဲကျွန်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲမွေးမြူရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၁-၂၀၀၆
(အင်္ဂါနေ့)

လူမှုစီးပွားရေးအကျိုးပြု တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးကို ရှေးရှုပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုတိုးပွားစည်ပင်စေရန် ဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ပေးနေသည်။

တစ်ချိန်တည်းတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကကျသော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာမှုနှင့်အတူ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာပြီး ဒေသထွက်ကုန်များ လွယ်ကူစွာ တင်ပို့ရောင်းချလာနိုင်ကြပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ဒေသ၏ လိုအပ်ချက်နှင့်အညီ လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီး၊ တံတားငယ်အသွယ်သွယ်ကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ ပန်းလောင်မြစ်ကိုဖြတ်၍ တည်ဆောက်ခဲ့သည့် ပန်းလောင်တံတားဖွင့်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါတံတားမှာ ပလိပ်-တံတားဦး လမ်းမပေါ်၌ တည်ရှိပြီး အရှည်ပေ ၄၀၀ ရှိသည့် နှစ်လမ်းမောင်း ကြိုတင်အားဖြည့်ကွန်ကရစ်တံတားဖြစ်သည်။

ပန်းလောင်တံတားကို ဖွင့်လှစ်လိုက်သည့်အတွက် မန္တလေးတိုင်းအတွင်း ကူးသန်းဆက်သွယ်မှု ပိုမိုလွယ်ကူလာလျက် ရှိသည်။ ယခင်က မန္တလေးမှ တံတားဦးသို့သွားလိုလျှင် စဉ့်ကိုင်မြို့ကိုပတ်ပြီး သွားခဲ့ရသော်လည်း ယခုအခါ ပလိပ်မြို့မှ တစ်ဆင့် ပန်းလောင်တံတားကိုဖြတ်၍ အချိန်တိုအတွင်း သွားလာနိုင်သည့်အပြင် ဒေသထွက်ကုန်များကိုလည်း အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်ကြတော့မည်ဖြစ်သည်။

ထို့အပြင် မုံရွာ-ရွှေဘိုဘက်မှလာသော မော်တော်ယာဉ်များသည် မြစ်ငယ်မြို့ဘက်မှတစ်ဆင့် ကွေ့ပတ်မောင်းနှင်ရန်မလိုတော့ဘဲ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အလွယ်တကူ သွားရောက်နိုင်သည့်အပြင် ပလိပ်မြို့မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းမကြီးသို့လည်း ဖြတ်လမ်းတစ်ခုအဖြစ် ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်သည်။

မန္တလေးတိုင်းတွင် ၁၉၈၈ ခုနှစ်မတိုင်မီက ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၈ စင်းသာရှိခဲ့ရာမှ ယခုအခါ တံတားကြီး ၂၇ စင်းအထိ တိုးတက်တည်ဆောက်ပေးထားနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်က မန္တလေးတိုင်းအပါအဝင် နိုင်ငံတစ်ဝန်း တံတားကြီးများစွာကို တိုးချဲ့ဖြည့်ဆည်းပေးလျက်ရှိရာ ယခုအခါ ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၀ ရှိပြီဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ပေးခဲ့သည့် တံတားများအနက် ပန်းလောင်တံတားသည် အစင်း ၁၉၀ မြောက် တံတားဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတော်က တံတားသစ်၊ လမ်းသစ်များစွာတို့ကို တည်ဆောက်ဖောက်လုပ်ပေးမှုများကြောင့် ဒေသတစ်ခုမှတစ်ခုသို့ အချိန်တိုအတွင်း ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူလာသည့်အပြင် ဒေသအသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများလည်း ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်လာလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေး အကျိုးပြု တံတားကြီးများစွာကို တည်ဆောက်ဖြည့်ဆည်းပေးထားသည်နှင့်အညီ ပြည်သူများကလည်း မိမိတို့ဒေသအတွင်းရှိလမ်းများ၊ တံတားများ ရေရှည်တည်တံ့ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး
☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး
☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး
☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး
☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိ

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ စက်ရုံများ တိုးတက်ပေါ်ထွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ဘက်စုံကဏ္ဍစုံ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရာတွင် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က အဘက်ဘက်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် တည်ဆောက်ရေး စွမ်းပကားများ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်နေစေရန်အတွက် ဆောင်ရွက်ကြရာတွင် စွမ်းအင်ကဏ္ဍသည် အရေးပါသောကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း ဖြန့်ကြက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်များသို့ လည်းကောင်း၊ နယ်စပ်ဒေသများသို့ လည်းကောင်း၊ ဌာနဆိုင်ရာများနှင့် စက်ရုံအလုပ်ရုံများသို့ လည်းကောင်း၊ မြို့နယ်အသီးသီးသို့ လည်းကောင်း စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ ဖြန့်ဖြူးပေးနိုင်ရန် ရေနံထွက်ပစ္စည်းဆိုင်ရာ စက်ရုံများကို တိုးတက် တည်ဆောက်ပေးလျက်ရှိသည်။

တပ်မတော်အစိုးရလက်ထက်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာမှုနှင့်အတူ နယ်ပယ်ကဏ္ဍအသီးသီးရှိ လုပ်ငန်းများတွင် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ စက်ရုံများ တိုးတက်တည်ဆောက်ပေးနိုင်မှုကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။

ချောက်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၁) ဓာတ်မြေသြဇာ စက်ရုံ(စလေ)ကို တွေ့ရစဉ်။



တိုးတက်တည်ဆောက်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းစက်ရုံများ

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ရေနံချက်စက်ရုံ	၃	၃	စက်စွမ်းအားအထူးမြှင့်တင်
၂	ဓာတ်ငွေ့ရည်စက်ရုံ	၁	၃	၂
၃	ဓာတ်မြေသြဇာစက်ရုံ	၃	၄	၁
၄	မက်သနောလ်စက်ရုံ	၁	၁	စက်စွမ်းအားအထူးမြှင့်တင်
၅	ကတ္တရာချက်စက်ရုံ	-	၁	၁
၆	ကာဗွန်ဒိုင်အောက်ဆိုဒ်စက်ရုံ	-	၁	၁

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ အရာရှိလောင်း မောင်သီဟကျော် (ရ-၁၂၈၂)အား ရည်စူး၍ ရေကြောင်းပညာသိပ္ပံ (CD-33, CE-31)မှ သူငယ်ချင်း တစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ် ၁၂၀၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ငွေတောင် အရှင်ဝိသုဒ္ဓ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက် ငွေတောင်အရှင်ဝိသုဒ္ဓ (သာသနာပြုနယ်လှည့်ဓမ္မကထိက) ဆရာတော်သည် ဇန်နဝါရီ ၁၈ရက်နှင့် ၂၀ရက် ည ၇နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက်ရုံးရှေ့၌ ကွယ်လွန်သူ ဦးအောင်သန်းအား ရည်စူးလျက် မိခင်ကြီး ဒေါ်ခင်သန်းဝင်း အမှူးထား၍ သားသမီးတစ်စု၏ တရားအလှူမဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကြက်ဆူပင်ဧက ၁၀၀ စုပေါင်းစိုက်ပျိုးပွဲကျင်းပ
အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသည့် မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြက်ဆူပင် ဧက ၁၀၀ စုပေါင်းစိုက်ပျိုးပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ၂နာရီခွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၃) ကုန်းမြင့်ယာမြေ ကြက်ဆူပင် စံပြမျိုးသန့်ဧက ၁၀၀၀ စိုက်ခင်းအတွင်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံသည့် မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံသည့် မြေစိုက်ပိုစတာ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်ပရိသတ်များ အင်ဂျင်စက်နှင့် မော်တာသုံး ကြက်ဆူဆီကြိတ်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တိုင်းစစ်ဌာနချုပ်မှ စိုက်ပျိုးရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က စွမ်းအင်အစားထိုး ဇီဝလောင်စာဆီ ထုတ်လုပ်ရန်အတွက် တပ်နယ်အလိုက်၊ တပ်ရင်းတပ်ဖွဲ့များ အလိုက် ကြက်ဆူပင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ပြည်နယ်အတွင်း မြေလွတ် မြေရိုင်းများကို ဖော်ထုတ်၍ ကြက်ဆူပင် ဧကေါ်သိန်းကို သုံးနှစ်စီမံကိန်းဖြင့် စိုက်ပျိုး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်ပရိသတ်များ ကြက်ဆူပျိုးပင်၊ ကြက်ဆူဆီ၊ ကြက်ဆူစေ့နှင့် ကြက်ဆူဆီသုံး မီးဖိုနှင့် မီးအိမ်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် အမျိုးသားရေး တာဝန်အဖြစ် ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မော်တာသုံး ကြက်ဆူဆီကြိတ်စက်ဖြင့် ကြက်ဆူဆီ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုအားပေးကြပြီးနောက် ကြက်ဆူပင် စိုက်ပျိုးနည်းပညာပေး ခင်းကျင်းပြသထားသော ကြက်ဆူပျိုးပင်၊ ကြက်ဆူဆီ၊ကြက်ဆူစေ့နှင့် ကြက်ဆူဆီသုံးမီးဖိုနှင့် မီးအိမ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ဒေသခံတောင်သူများအား ကြက်ဆူပျိုးပင်စိုက်ပျိုးရန် ကြက်ဆူပျိုးကိုင်းများ ဝေငှပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အမျိုးသားညီလာခံ ကြိုဆိုထောက်ခံသည့် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက ကြက်ဆူပင်၏ အသုံးဝင်ပုံနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စွမ်းအင်အစားထိုး ဇီဝလောင်စာဆီ ထုတ်လုပ်ရန်အတွက် သုံးနှစ်အတွင်း ကြက်ဆူပင် ဧကေါ်သိန်း အပြည့်အဝ စိုက်ပျိုးနိုင်ရေးနှင့် စံပြမျိုးသန့်စိုက်ခင်းများ၊ မျိုးသန့် မျိုးပွားဇုန်များဖြင့် ဒေသခံတောင်သူများအား စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများသည် စိုက်ခင်းအတွင်း ကြက်ဆူဆီကို အသုံးပြု၍ အင်ဂျင်စက်နှင့်

ထို့နောက် တက်ရောက်လာကြသူများ၏သိလို၍ မေးမြန်းချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တက်ရောက်လာကြသူများအား ကြက်ဆူပင် စိုက်ပျိုးရန် ကြက်ဆူပျိုးကိုင်းများကို ဝေငှပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သတ်မှတ်နေရာများတွင် ကြက်ဆူပျိုးကိုင်းပင်များကို ကိုယ်တိုင်ပါဝင် စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ တပျော်တပါး ကြက်ဆူပင် တစ်သိန်းနှစ်သောင်း စုပေါင်း စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအနီး လင်းထွန်းကုမ္ပဏီလီမိတက်၏ ဘိန်းအစားထိုး သီးနှံဆင်းရွှေလီ ပျားလိမ္မော်ဧက ၃၀၀ စိုက်ခင်းသို့ သွားရောက်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပျားလိမ္မော်ပင်များကို ကြည့်ရှုအားပေးကြရာ ရှင်းလင်းဆောင်တွင် လင်းထွန်းကုမ္ပဏီလီမိတက် စိုက်ပျိုးရေးတာဝန်ခံ ဦးဝင်းဇော်က ဆင်းရွှေလီ ပျားလိမ္မော်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၆

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ရက်(စနေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် နယ်သူနယ်သားများ တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်အထက် အသင်းဝင်များ၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ အောင်မြင်သူများနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၃၈၃၆၁၈၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင် ဖုန်း-၀၉၉၉-၂၂၃၉၅၊ အတွင်းရေးမှူး ဦးသောင်းတင်(ရုံး) ဖုန်း-၂၅၄၀၇၀၊ ဘဏ္ဍာရေးမှူး ဦးထွန်းသိန်း (ရုံး) ဖုန်း-၂၂၁၀၈၄၊ (အိမ်) ၂၉၈၀၅၉၊ ဦးတင်လှိုင် (ရုံး) ဖုန်း-၅၉၀၁၀၈နှင့် အမှုဆောင်များထံ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ချူကလီးယားအစီအစဉ် နှင့်ပတ်သက်၍ ကုလသမဂ္ဂထံ မတင်ပြရန် အီရန်ဝန်ကြီးပြောကြား

တီဟီရန် ဇန်နဝါရီ ၁၅

မိမိတို့နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တင်ပြတိုင်တန်းမှုများ ပြုလုပ်မည်ဆိုပါက မိမိတို့သည် ကုလသမဂ္ဂစစ်ဆေးရေးမှူးများနှင့် ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အဆုံးသတ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုတာကီက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ လုံခြုံရေးကောင်စီထံသို့ တင်ပြပါက ဥရောပနိုင်ငံများသည် လက်ရှိဖြစ်ပေါ်နေသော ပြဿနာကို စေ့စပ်ဆွေးနွေးဖြေရှင်းရန် အခွင့်အလမ်း ဆုံးရှုံးမည်ဖြစ်ကြောင်း မိုတာကီ၏ ပြောကြားချက်ကို ကိုးကားလျက် အိုင်အာအင်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ၏ နျူကလီးယား ပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ ဆက်လက်တင်ပြပါက ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များကို ရပ်ဆိုင်းပစ်ရန် အီရန်ပါလီမန်က လွန်ခဲ့သည့် နိုဝင်ဘာလတွင် ဆုံးဖြတ်ခဲ့ကြောင်း၊ ပါလီမန်ကချမှတ်သော ဆုံးဖြတ်ချက်အတိုင်း မိမိတို့အစိုးရက ဆောင်ရွက်သွားရမည်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျာမနီ၊ ပြင်သစ်နှင့်ဗြိတိန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ဥရောပသမဂ္ဂကိုယ်စား ဆွေးနွေးပွဲ တစ်ရပ်ကျင်းပကာ အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး တစ်ရက်အကြာတွင် အီရန်နိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အီရန်နိုင်ငံသည် နျူကလီးယား သုတေသနလုပ်ငန်းကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ဥရောပသုံးနိုင်ငံမှ တာဝန်ရှိသူများက ဘာလင်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နှင့် ကူဝိတ်နယ်စပ်အနီး ဆပ်ဖ်ဝမ်မြို့တွင်လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်နိုင်ငံသို့ တာတိုပစ်ဒုံးကျည်များရောင်းချရေး သဘောတူညီချက်အတိုင်း ရုရှားဆက်လက်ဆောင်ရွက်မည်

မော်စကို ဇန်နဝါရီ ၁၅

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အငြင်းပွားမှုများရှိနေလင့်ကစား ယင်းနိုင်ငံသို့ တာတိုပစ်ဒုံးကျည်များရောင်းချပေးရေး သဘောတူညီချက်အတိုင်း မိမိတို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးအီဗန်နော့ဗ်က သောကြာနေ့တွင်ပြောကြားလိုက်သည်။

ရုရှားနှင့် အီရန်နိုင်ငံတို့သည် ပြီးခဲ့သည့် နိုဝင်ဘာလက အမေရိကန်ဒေါ်လာ ၁ဘီလီယံဖိုးရှိ တာတိုပစ်ဒုံးကျည်များရောင်းချပေးရန် သဘောတူညီခဲ့ကြသည်။ အီရန်နိုင်ငံသည် ရုရှားလုပ် ဒုံးကျည်များကို ဝယ်ယူရရှိမည်ဖြစ်သည်။ ယင်းဒုံးကျည်များကို လေကြောင်း ကာကွယ်ရေးစနစ်များအဖြစ် အသုံးပြုနိုင်ကြောင်း၊ ပိုင်နက်ဝေဟင်အတွင်း ဝင်ရောက်လာသော အနိမ့်ပျံလေယာဉ်များနှင့် ပဲ့ထိန်းဒုံးကျည်များကို ပစ်ချရာ၌သာလျှင် အသုံးပြုနိုင်ကြောင်း၊ မြေပြင်ရှိပစ်မှတ်များကိုမူ ပစ်ခတ်နိုင်ခြင်းမရှိကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားကြသည်။

အီရန်နိုင်ငံသို့ ဒုံးကျည်များရောင်းချပေးမှုကို ယင်းနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ဆက်စပ်ထားမှုမပြုသင့်ကြောင်း ကာကွယ်ရေးဝန်ကြီး အီဗန်နော့ဗ်၏ ပြောကြားချက်ကို ကိုးကားလျက် အင်တာဖက်စ်သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါဒုံးကျည် ရောင်းချရေးသဘောတူညီချက်သည် နိုင်ငံတကာဥပဒေနှင့်ကိုက်ညီမှုရှိပြီး မိမိတို့နှစ်နိုင်ငံ၏ ဥပဒေများနှင့်လည်း ညီညွတ်ကြောင်း၊ အီရန်နိုင်ငံသည် ကာကွယ်ရေးရည်ရွယ်ချက် သက်သက်ဖြင့်သာ ဒုံးကျည်စနစ်များကို ဝယ်ယူခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိမ်ခြေရာခြေမရှိသူများကို အဆိုးရွားဆုံး ဆက်ဆံသည့် ကန်ရှိမြို့ ၂၀ ၌နယူးယောက်ပါဝင်

နယူးယောက် ဇန်နဝါရီ ၁၅

အမေရိကန်နိုင်ငံတွင် အိမ်ခြေရာခြေမရှိသူများအပေါ် အဆိုးရွားဆုံး ပြုမူဆက်ဆံကြသည့် မြို့ပေါင်း ၂၀ ရှိရာ နယူးယောက်မြို့သည် နံပါတ် ၁၄ အဆင့်ရှိသည့်မြို့ဖြစ်ကြောင်း အမျိုးသားအိမ်ရာမဲ့ဘက်မှ ထောက်ခံသည့်အုပ်စုနှစ်စုက ဗုဒ္ဓဟူးနေ့တွင်ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းအိမ်ခြေရာခြေ မရှိသူများ နေထိုင်ရာမြို့များရှိ အာဏာပိုင်များက ၎င်းတို့အတွက် လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ရာတွင် စိစစ်ပြုလုပ်ရန် အဆိုပါ အစီရင်ခံစာက ရေးသားဖော်ပြသည်။

အမေရိကန်နိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၂၂၄ မြို့တွင် နေထိုင်ကြသည့် အိမ်ခြေရာခြေမရှိသူများအတွက် မြို့များမှ အာဏာပိုင်အဖွဲ့များက ပြည်သူများ သွားလာရာ နေရာများတွင် နေထိုင်စားသောက်၊ အိပ်စက်မှုသည် တရားဥပဒေနှင့် မညီညွတ်ဟု ဥပဒေများ သီးခြားပြဋ္ဌာန်းသည့်ကိစ္စကိုလည်း ယင်းအစီရင်ခံစာတွင် သုံးသပ်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စီအိုင်အေ၏ လျှို့ဝှက်ဆောင်ရွက်မှုများတွင် ဥရောပနိုင်ငံများ ပါဝင်ပတ်သက်နေဟုဆို

ဗားဒေါ့ဖ် ဇန်နဝါရီ ၁၅

အမေရိကန်၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲတွင် ဥရောပ အစိုးရအဖွဲ့များက အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) နှင့် ပူးပေါင်းလုပ်ဆောင်မှုများရှိသည် ဆိုသော စွပ်စွဲချက်များမှာ မှန်ကန်ကြောင်း ဆွစ်ဇာလန် စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဥရောပနိုင်ငံများတွင် စီအိုင်အေက လျှို့ဝှက်အကျဉ်းစခန်းများကို ဖွင့်လှစ်ခဲ့သည်ဆိုသော သတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် ယင်းစွပ်စွဲချက်များကို စုံစမ်းဖော်ထုတ်လျက်ရှိသည်။

ဥရောပနိုင်ငံအချို့တွင် စီအိုင်အေအကျဉ်းစခန်းများကို တိတ်တဆိတ် ဖွင့်လှစ်ခဲ့သည်မှာ မှန်ကန်သည်ဟု မိမိအနေဖြင့် နားလည်သိရှိပြီးဖြစ်ကြောင်း၊ သို့ရာတွင် စွပ်စွဲချက်များနှင့် ပတ်သက်၍ ခိုင်မာသော အထောက်အထားများကို ထုတ်ဖော်နိုင်ရန် လိုအပ်ကြောင်း ဆွစ်ဇာလန် အထက်လွှတ်တော်အမတ် ဒစ်မာတီက ပြောကြားသည်။

စီအိုင်အေသည် အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူများကို ဥရောပနိုင်ငံမှ အခြားတစ်နိုင်ငံသို့ ပို့ဆောင်ခဲ့ရာတွင် သက်ဆိုင်ရာအစိုးရများက သိရှိကြမည်သာဖြစ်ကြောင်း ၎င်းကပြောကြားသည်။

စုံစမ်းစစ်ဆေးရေးမှူး မာတီသည် ၎င်း၏ ပဏာမအစီရင်ခံစာကို ဇန်နဝါရီ ၂၃ ရက်တွင် ဥရောပကောင်စီ၏ ပါလီမန်ညီလာခံသို့ တင်ပြရန်ရှိနေသည်။ အမေရိကန်နိုင်ငံက အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူများကို စစ်ဆေးမေးမြန်းနိုင်ရန် အရှေ့ဥရောပနိုင်ငံများ၌ လျှို့ဝှက်အကျဉ်းစခန်းများ ဖွင့်လှစ်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ၎င်းက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်အရှေ့ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အရှေ့ပိုင်းတွင် စနေနေ့က ဘတ်စ်ကားဂိတ်တစ်ဂိတ်၏ ကားရပ်နားရာနေရာ အနီးတစ်ဝိုက်မှ ကင်းလှည့်သွားသော ရဲတပ်ဖွဲ့ဝင်များရှိသောနေရာ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့ပိုင်း အယ်လ်မက်ရှိတယ်အရပ်တွင် ဘတ်စ်ကားဂိတ်အနီး ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် လမ်းဘေးဗုံးပေါက်ကွဲဖြစ်ပွားမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိကြောင်း ရဲအုပ်ကြီး အာမက်အဗ္ဗဒူလာက ဆင်ဟွာသတင်းဌာနကို ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ရပြီး အရပ်သားပိုင်ကား အချို့မှာလည်း ဗုံးစများ ထိမှန်ခံခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာကူဘာတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အီရတ်ရဲတပ်ဖွဲ့ ယာဉ်တစ်စီးကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြောက်ပိုင်းတွင် လူတစ်ဦးပစ်သတ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြောက်ပိုင်းတွင် လူတစ်ဦးသေနတ်ဖြင့် ပစ်သတ်ခံရကာ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

လက်နက် ကိုင်ဆောင်ထားသည့် အမျိုးသားသုံးဦးသည် ဘဂ္ဂဒက်မြောက်ဘက် ဟာရီယာအရပ်တွင် နေအိမ်တစ်လုံးမှ ထွက်ခွာလာသော လူတစ်ဦးကို မော်တော်ကားပေါ်မှနေ၍ သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ပစ်ခတ်ခံရသူ သေဆုံးခဲ့ရကြောင်း၊ စနေနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ယင်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ကြောင်း၊ အီရတ်နိုင်ငံ တစ်ဝန်းတွင် ဂိုဏ်းဂဏ အချင်းချင်း တိုက်ခိုက်မှုများ ပေါ်ပေါက်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



ပိုလန်နိုင်ငံ၌ အဝလွန်သူများပြား အခြေအနေကို အမြန်ဆုံးကာကွယ်ရန် တိုက်တွန်း

ဝါဆော ဇန်နဝါရီ ၁၅

ပိုလန်နိုင်ငံသား အရွယ်ရောက်သူဦးရေ၏ ၁၉ ရာခိုင်နှုန်းနီးပါးမှာ အဝလွန်သူများဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဝလွန်သည့်အန္တရာယ်ကို အမြန်ဆုံးကာကွယ်ကြရန် လိုအပ်ကြောင်း ပိုလန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနကကျင်းပသည့် ဝါဆောသုတေသန ညီလာခံတွင် အစားအစာနှင့်အာဟာရသိပ္ပံမှ ဒေါက်တာမက်ဒါလီနာဘီကိုစကာက သတိပေးခဲ့သည်။

အဆိုပါညီလာခံမှာ ပိုလန်နိုင်ငံသားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာစားသုံးမှုနှင့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်မှုအလေ့အကျင့်များကို မြှင့်တင်ပေးမည့်အစီအစဉ်တစ်ရပ် ရေးဆွဲရန် ရည်ရွယ်ခဲ့သည်။

အချိုရည်များကဲ့သို့သော ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများ ပိုမိုစားသုံးလာခြင်းနှင့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းများ မပြုလုပ်ခြင်းတို့ကြောင့် ပိုလန်နိုင်ငံ၌ ယခုနှစ်များအတွင်း အဝလွန်သူ ပိုမိုများပြားလာကြောင်း ဘီကိုစကာက သတိထားမိခဲ့သည်။ အဝလွန်ခြင်းကို အချိန်ကြာမြင့်စွာ မကုသဘဲထားပါက သွေးတိုးရောဂါ၊ နှလုံးရောဂါများနှင့် ဆီးချိုရောဂါ အမျိုးအစား(၂)တို့ ဖြစ်ပွားလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆီအနည်းငယ်သာပါဝင်သော အစားအစာကို စားသောက်ခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ များကို ပိုမိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်မြင့်တက်မှုကို လျော့ပါးစေနိုင်ကြောင်း၊ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့်လည်း ခန္ဓာကိုယ်အလေးချိန်ကို လျော့ကျစေနိုင်ကြောင်း ဆရာဝန်များက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

*** ခြစ်စည်းရိုးကြက်ဆူပင်မှ**

သင့်တင့်သည့် အရွယ်တွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တပ်ရင်း၊ တပ်ဖွဲ့များမှ စိုက်ပျိုးထားသည့် ကွမ်းသီးပင် ၅၁၆၃ ပင် စိုက်ခင်းနှင့် ငရုတ်ကောင်းခြံအမှတ်(၁)ရှိ ငရုတ်ကောင်း အပင် ၂၀၀၀ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဟိုင်းကြီး တပ်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ထပ်မံတိုးချဲ့ဆောင်ရွက်ရေးနှင့် ခြစ်စည်းရိုးကြက်ဆူပင်ကိုလည်း တိုးချဲ့စိုက်ပျိုးကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ဟိုင်းကြီးတပ်နယ်တွင် ရော်ဘာ ၁၂၀၃၈ပင်ကို စိုက်ပျိုးထားပြီး တိုးချဲ့စိုက်ပျိုးရန် အပင်ငါးသောင်း ပျိုးထောင်ထားရှိသည်။ ငရုတ်ကောင်းပင် ၄၇၁၄၀ ကို မြေ ၅၃ ဧက၌ စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ထို့အပြင် ခြစ်စည်းရိုး ကြက်ဆူပင် ၁၀၉၆၀၀ နှင့် ကွမ်းသီးပင် ၆၆၆၉၉ ပင်တို့ကိုလည်း စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ထွက်ခွာ၍ နံနက် ၁၁ နာရီတွင် ငပုတောမြို့နယ် ခရင်ဝါးချောင်းကျေးရွာအုပ်စု ပေါ်ဖောကျေးရွာသို့ ရောက်ရှိကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁၂ နာရီခွဲတွင် ငပုတောမြို့နယ် ပုသိမ်တောင်သစ်ထုတ်ရေးဒေသ မြစ်တစ်ရာ သစ်ထုတ်နယ် ဝါးကလောသစ်ဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား မြန်မာ့သစ်လုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်သောင်းက ဝန်ထမ်းအင်အား၊ လုပ်ငန်းဆောင်ရွက်သည့် အင်အား၊ သစ်မာထုတ်လုပ်သည့် ကြိုးဝိုင်းသစ်ကွက်များ၊ လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ ထုတ်လုပ်ထားသည့် ပစ္စည်းများ လွှဲအပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ငပုတောမြို့နယ် သစ်တောဦးစီးမှူး ဦးတင်မောင်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သစ်ထုတ်လုပ်ရေးကို လိုအပ်ချက်အရ စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် သစ်တောများကိုလည်း စနစ်တကျ ထိန်းသိမ်း၍ ပြန်လည်စိုက်ပျိုးသွားကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တင်–ပုသိမ်လမ်းမှ တစ်ဆင့် ပုသိမ်–ငွေဆောင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ် (၂၅)အနီးရှိ ဗောဓိကုန်း ယုဇနပုစွန်မွေးမြူရေးအဖွဲ့သို့ ရောက်ရှိကြသည်။

ယင်းနောက် ယုဇနပုစွန်မွေးမြူရေးအဖွဲ့က ခြစ်စည်းရိုးကြက်ဆူပင်မျိုးစေ့ ၄၀၀၀ နှင့် ပျိုးကိုင်း ၂၀၀၀ ပျိုးထောင်စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးရာ ပုသိမ်မြို့နယ် ယုဇနကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဆက်လက်ထွက်ခွာလာကြရာ ပုသိမ်ခရိုင် ငွေဆောင်မြို့သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ငွေဆောင်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်မှုကို တစ်တပ်တစ်အား ပါဝင်အထောက်အကူပြုနိုင်သည့် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကိုလည်း နှစ်စဉ် တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ဤဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဒေသဆိုင်ရာ တာဝန်ရှိသူများကလည်း လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းပြီး တစ်နှစ်ချင်း စီမံကိန်းများရေးဆွဲကာ အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငွေဆောင်ကမ်းခြေတွင် လာရောက်အပန်းဖြေကြသော နိုင်ငံခြားသားများ၊ မြန်မာပြည်အဝန်းမှ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိရာ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ဂရုပြုဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီး အခမ်းအနားကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒီဇယ်ဆီအစား ကြက်ဆူဆီကို အသုံးပြုနိုင်ရေး သုတေသနပြု စမ်းသပ်အဆင့်မြင့် မော်တော်ယာဉ်များတွင်လည်း အသုံးပြုနိုင်ရေး သုတေသနပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်ပြီး ခြစ်စည်းရိုးကြက်ဆူဆီကို ဒီဇယ်ဆီအစား အသုံးပြုနိုင်ရေးအတွက် သုတေသနပြု စမ်းသပ်မှုအခြေအနေကို စစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးအား ရေနံချက်စက်ရုံ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ခြစ်စည်းရိုးကြက်ဆူပင်မှ ရရှိသော ကြက်ဆူဆီနှင့် ဒီဇယ်ဆီတို့၏ ဂုဏ်သတ္တိများ၊ ဓာတ်ခွဲစမ်းသပ်တွေ့ရှိမှုနှင့် လက်တွေ့ မော်တော်ယာဉ်ကို စမ်းသပ်မောင်းနှင်မှု အခြေအနေနှင့် တွေ့ရှိချက်များ၊ ဆက်လက်သုတေသနပြုလုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒီဇယ်ဆီအစား ခြစ်စည်းရိုးကြက်ဆူဆီကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် စနစ်တကျ သုတေသနပြု စမ်းသပ်သွားရန်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်များ၊ တီအီးမော်တော်ယာဉ်များတွင် စတင်စမ်းသပ်မောင်းနှင် နေပြီဖြစ်သကဲ့သို့ အဆင့်မြင့် မော်တော်ယာဉ်များတွင်လည်း အသုံးပြုသွားနိုင်ရေးအတွက် အဆင့်ဆင့် စမ်းသပ်သုတေသန ပြုလုပ်သွားရမှာဖြစ်ကြောင်း၊ ကြက်ဆူဆီမှ ဘိုင်အိုဒီဇယ်ဆီအဖြစ် ပြောင်းလဲအသုံးပြု သွားနိုင်ရေးအတွက် လက်ရှိစမ်းသပ်တွေ့ရှိချက်များအပြင် ဆက်လက်၍ အသေးစိတ် သုတေသနပြုလုပ်သွားရန်ဖြစ်ကြောင်း မှာကြားသည်။ ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ခင်းကျင်းပြသထားသော သုတေသနပြု စမ်းသပ်တွေ့ရှိချက်များ၊ ဘိုင်အိုဒီဇယ် စမ်းသပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ရေနုတ်စက်၊ လယ်ယာသုံးထွန်စက်နှင့် တီအီး–၂၁ မော်တော်ယာဉ်များအား ကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သန်လျင် ရေနံချက်ဝင်းအတွင်းရှိ ဓာတ်မြေသြဇာထည့်ရန်အတွက် ပီပီအိတ် ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက် စစ်ဆေးရာ စက်ရုံမှူးက ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် စက်ရုံအတွင်း ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် မိမိတို့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)တွင် ခြစ်စည်းရိုး ကြက်ဆူဆီဖြင့် လယ်ယာသုံး ထွန်စက် စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၁–၂၀၀၆ (အင်္ဂါနေ့)

- ၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ တစ်သက်တာစိတ်ချမ်းသာဖို့ ဉယျာဉ်ခြံမြေစိုက်ပျိုးစို့
- ၇:၁၅ တေးဂီတအစီအစဉ်
- ၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၀ ကျန်းမာရေးအတွက် သန့်(၄)သန့် အပိုင်း(၁)
- ၇:၅၀ တေးဂီတအစီအစဉ်
- ၇:၅၅ Say it in English
- ၈:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ လေးဖက်နာနှင့် နှလုံးရောဂါအကြောင်း ဟောပြောချက် (အပိုင်း–၁)
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
- ၈:၅၀ မိုးလေဝသခန့်မှန်းချက်
- ၈:၅၅ ဇော်ဂျီရေထိန်းဆည်
- ၉:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀ Sunday Talk
- ၉:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
- ၁၀:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ ဖိနပ်စက်ရုံ(ကျောက်ဆည်)
- ၁၀:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ Celebrity Profile (တက္ကသိုလ်လှဲ့လှဲ့၊ ဒေါက်တာဇော်သန်း)
- ၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စက်မှုဒီဇိုင်း)
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (ဓာတ်လမ်းတို) (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

၁၇–၁–၂၀၀၆ (အင်္ဂါနေ့)

ညပိုင်း အစီအစဉ်

၂:၀၀ Leed United - Wigan
လိုင်း 5-Sports (Live)

၁၈–၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

ညပိုင်း အစီအစဉ်

၂:၃၀ Man United - Burton
လိုင်း 5-Sports (Live)

Series A ဘောလုံးပွဲစဉ်များ

၁၈–၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

ညပိုင်း အစီအစဉ်

၂:၀၀ Chievo - Juventus
လိုင်း 5-Cartoons (Live)
၂:၀၀ AC Milan - Ascoli
လိုင်း MRTV-4 (Live)

ပန်းဘဲတန်းစာနယ်ဇင်း အမှုဆောင်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၆

ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၁/၂၀၀၆ အမှုဆောင် အစည်းအဝေးကို ယမန်နေ့ နံနက်က ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဂေါပကရုံးခန်းမ၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင်အဖွဲ့ဥက္ကဋ္ဌသတင်းထောက် သန်းဆွေ(ပန်းဘဲတန်း)က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဆိုင်းဘုတ်တင်ရန်ကိစ္စ၊ မြို့နယ်မဂ္ဂဇင်း အမြန်ဆုံးထုတ်ဝေနိုင်ရန် ကိစ္စများကို ဆွေးနွေးတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက် အထွေထွေကိစ္စများကို ဆွေးနွေးကြသည်။ (၁၉)

အဌမအကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ယခင်ကျောက်မြောင်း အစိုးရအထက်တန်းကျောင်း (ယခု အထက–၁၊ တာမွေ)တွင် ၁၉၄၅ခုနှစ်မှ ၁၉၆၅ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးလှထွန်း ဖုန်း–၅၄၅၅၁၃ နှင့် ဦးညွန့်တင် ဖုန်း–၅၄၀၅၁၇တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) နှစ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၆

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုတံဆိပ်ရရှိသူများ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အမှတ်(၅၇) အာဇာနည်လမ်း မဏ္ဍိုင်ကျောင်းတိုက်ဝင်းအတွင်းရှိ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံကျောင်းတော်ကြီး၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံသက်ကြီးများ၊ နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများ၊ ၂၀၀၄ ခုနှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများသည် အမှုဆောင်များနှင့် ဒုတိယဥက္ကဋ္ဌ ဦးမျိုးလွင် ဖုန်း–၅၄၄၂၇၃၊ ဘဏ္ဍာရေးမှူး ဦးဇော်လွင် ဖုန်း–၀၉၈၀–၃၁၇၄၈တို့ထံ ဆက်သွယ်ကြရမည်ဖြစ်သည်။ (က–ပ)

တောင်သူလယ်သမားများဘဝ သာယာလှပဖို့ ခြံစည်းရိုး ကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြပါစို့

နတ်မောက် ထွန်းရှိန်

ယနေ့ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်ပြည်မ၊ မြို့ပြနှင့်ကျေးလက် မခွဲခြားဘဲ ကွာဟမှုနည်းနိုင်သမျှနည်းအောင် စီမံဖြည့်ဆည်းပေးလျက် ရှိပေသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့ကာလ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇယ်လောင်စာဆီ အစားထိုး ဖြည့်ဆည်းပေးရန် ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်နိုင်မည့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲများ စည်းစည်းရုံးရုံးဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို စိတ်ဝင်စားဖွယ် တွေ့မြင်ကြားသိနေရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံကာ အခြားစီးပွားရေးလုပ်ငန်းများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတက်လှမ်းနေသော နိုင်ငံဖြစ်သည်။

ယခုအခါ ကြက်ဆူဆီဖြင့် ဒီဇယ်အစားထိုး အသုံးပြုနိုင်သည့် လက်တွေ့စမ်းသပ်မှုများ အံ့သြဖွယ်ဖြစ်ထွန်းအောင်မြင်နေပြီဖြစ်ရာ စိုက်ပျိုးမှုလွယ်ကူသော ခြံစည်းရိုး

ကြက်ဆူဆီဖြင့် မီးထွန်းနေစဉ်။

ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်မောင်းနှင်နေစဉ်။

ကြက်ဆူပင် စိုက်ပျိုးရေးစီမံချက်များကို ပြည်နယ်နှင့်တိုင်း အလိုက် ချမှတ်ဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထက်မြန်မာပြည်ခရီးစဉ်အတွင်း ပြင်ဦးလွင်မြို့သို့ ရောက်ရှိစဉ် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့၌ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(တောင်ပိုင်း) တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးအတွက် လမ်းညွှန်မှာကြားခဲ့ပေသည်။ နိုင်ငံတော်အကြီးအကဲက **တိုင်းနှင့်ပြည်နယ်တစ်ခုစီတွင် ခြံစည်းရိုး ကြက်ဆူပင် ဧကငါးသိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးရန်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဧကခုနစ်သန်း စိုက်ပျိုးကြရန်** လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မန္တလေးတိုင်းတွင် သုံးနှစ်အတွင်း ကြက်ဆူပင်ဧက ငါးသိန်း ပြည့်မီအောင် စိုက်ပျိုးသွားမည် ဖြစ်သည်။

ခြံစည်းရိုးနှင့် မြေလွတ်မြေရိုင်းများတွင် ကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် အခြားသီးနှံစိုက်ပျိုးမှုကို ထိခိုက်မှုမရှိသည့် အပြင် တောင်သူလယ်သမားမိသားစုများအဖို့ အပိုဝင်ငွေ ရရှိမည့် အခွင့်အလမ်းဖြစ်ပေသည်။ ထို့အပြင် သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် အပြင် မြေဆီလွှာပြုပြင်မှုအတွက် ကြက်ဆူဆီကြိတ်ဖတ် များမှ အဖိုးတန်သော သဘာဝမြေသြဇာကိုလည်း ရရှိနိုင်မည် ဖြစ်ပေသည်။

မန္တလေးတိုင်းအတွင်း ယာမြေဧက ၂၁သိန်းကျော်၊ (၂၁၇၇၉၅၅)ဧကရှိသဖြင့် စိုက်ပျိုးရန်မြေမရှားပေ။ ယာမြေ ခြောက်ဧကပတ်လည်တွင် ကြက်ဆူပင် ၁၂၀၀ဆံ့အောင် စိုက်ပျိုးပါက တစ်ဧကစိုက်ပျိုးခြင်းနှင့် ညီမျှသည်။ မန္တလေးတိုင်းအတွင်း မြေရိုင်း၁၂၈၂၀၆ဧကရှိသည့်အနက် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များက မြေရိုင်းဖော်ထုတ်လျက်ရှိပြီး လက်ဖက်၊ ကော်ဖီနှင့် ရော်ဘာသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသဖြင့် ယင်းတို့အား ချန်လှပ်၍ မြေရိုင်း၁၀၆၅၉၃ဧကပေါ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ ၂၀၀၁၂ဧက စိုက်ပျိုးသွားရန် စီစဉ်ထားသည်။

မန္တလေးတိုင်းတွင် ကျေးလက်ဒေသများ၌ နေထိုင်သည့် လူဦးရေ ၅၀၂၈၇၉၃ရှိရာ အိမ်ထောင်စုပေါင်း ၁၀၁၅၉၆၁နှင့် အိမ်ခြေပေါင်း၇၅၀၉၈၁ ရှိသည်။ အိမ်တစ်အိမ်လျှင် ခြံစည်းရိုး ကြက်ဆူပင် ငါးပင်နှုန်း သတ်မှတ်စိုက်ပျိုးသွားမည်ဖြစ်သည်။ ကြက်ဆူပင်စိုက်ပျိုးရာတွင် ကျေးလက် လမ်းဘေးဝဲယာ တစ်ပင်နှင့်တစ်ပင် ခြောက်ပေခြား စိုက်ပျိုးခြင်းဖြင့် သုံးနှစ်အတွင်း ၂၀၇၅ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အပြင် ဆည်၊ ကန်များ၊ ရေပေးမြောင်းများ၏ ဘေးဝဲယာတို့တွင်လည်း တစ်ပင်နှင့်တစ်ပင် ခြောက်ပေခြား စိုက်ပျိုးသွားခြင်းဖြင့် ၂၁၆၂ဧက စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။ မြစ်ရေတင်ဒေသ ရေမြောင်းပေါင် ဝဲယာတို့တွင်လည်း ခြောက်ပေခြား တစ်ပင်စီစိုက်ပျိုးခြင်းအားဖြင့် ၄၇၁ ဧက စိုက်ပျိုးသွားမည် ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို နည်းလမ်းခုနစ်မျိုးဖြင့် မြို့နယ်အလိုက် စိုက်ပျိုးမည်ဖြစ်သည်။

မန္တလေးတိုင်းတွင် အဓိကဆည်ကန်ပေါင်း ၁၂၀ရှိပြီး ကျေးရွာဆည်၊ ကန် ၂၀၁ခု၊ ကျေးရွာဖွံ့ဖြိုးရေးဆည်၊ ကန်ပေါင်း ၂၇၀နှင့်ကိုယ့်အားကိုယ်ကိုးဆည်၊ ကန် ၁၆၆၆ခု စုစုပေါင်း ၂၂၅၇ ကန်ရှိသည်။ ယခုအခါ မန္တလေးတိုင်းတွင် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရန် မျိုးစေ့ပျိုး ၄၆၄၄၀၅ပင်နှင့် ပျိုးကိုင်း ပေါင်း သိန်း၅၀ကျော် ရရှိနေပြီဖြစ်သည်။ ၁၂-၁-၂၀၀၆ရက်နေ့အထိ ကြက်ဆူမျိုးစေ့ ၆၁၉တင်း စုဆောင်းရရှိပြီး ပျိုးထောင်ပြီးစီးမှုမှာ ၅၅၀၈၁၀၄ ပင်ဖြစ်သည်။ စိုက်ပျိုးဧကမှာ ၂၉၄၂ဧက ရှိနေပြီဖြစ်ပြီး မျိုးစေ့စုဆောင်းခြင်း၊ မျိုးကိုင်းများရှာဖွေ ပျိုးထောင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းအနေဖြင့် ၃၀-၁၂-၂၀၀၅ ရက်နေ့က ကျောက်ဆည်ခရိုင်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် ပျိုးထောင်ခြင်း၊ မျိုးစေ့စုဆောင်းခြင်း၊ ကြက်ဆူဆီကြိတ်စက်ဖြင့် ထုတ်လုပ်ပြသခြင်း၊ လက်တွေ့ ဒီဇယ်အစားထိုး မောင်းနှင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၃၀-၁၂-၂၀၀၅ရက်နေ့၌ မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာတွင်လည်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းများ လက်တွေ့ပြသ ဆောင်ရွက်ခဲ့သည်။ ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများကို မောင်းနှင်ပြသခဲ့ကြသည်။ ၁-၁-၂၀၀၆ရက်နေ့တွင်လည်း တံတားဦးမြို့နယ်နှင့် ၂-၁-၂၀၀၆ရက်နေ့တွင် ဝမ်းတွင်းမြို့နယ် လျှော်ပင်ကျေးရွာအနီး ပျိုးခြံထူထောင်ခြင်း၊ ကြက်ဆူပင်မျိုးစေ့၊ ပျိုးကိုင်းများ အမျိုးအစားခွဲခြားပြသခြင်း၊ တစ်အုပ်တစ်မ ၁၀၂ ဧက စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်းအခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှာစကား ပြောကြားခဲ့သည်။

အထူးသဖြင့် ကြက်ဆူဆီဖြင့် မိတ္ထီလာစက်မှုဇုန်မှ ဂျစ်ကားနှစ်စီးနှင့် ထော်လာဂျီတို့ကို မောင်းနှင်ပြသနိုင်ခဲ့သည်။ ၇-၁-၂၀၀၆ရက်နေ့တွင်လည်း ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာတွင် တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး ကြက်ဆူသီးအား လက်တွေ့ကြိတ်၍ ကြက်ဆူဆီ ထုတ်လုပ်ပြီး ကျေးရွာမီးစက်များကို မောင်းနှင်ပြသခဲ့ကြသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့

ကြက်ဆူဆီဖြင့် ဂျစ်ကားမောင်းနှင်ပြသနေစဉ်။

ကြက်ဆူဆီ ကြိတ်နေစဉ်။

ခြံစည်းရိုးနှင့် မြေလွတ်မြေရိုင်းများတွင် ကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် အခြားသီးနှံစိုက်ပျိုးမှုကို ထိခိုက်မှုမရှိသည့်အပြင် တောင်သူလယ်သမားမိသားစုများအဖို့ အပိုဝင်ငွေရရှိမည့်အခွင့်အလမ်းဖြစ်ပေသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိုအထောက် အကူပြုသည့်အပြင် မြေဆီလွှာ ပြုပြင်မှုအတွက် ကြက်ဆူဆီကြိတ်ဖတ်များမှ အဖိုးတန်သော သဘာဝ မြေသြဇာကိုလည်း ရရှိနိုင်မည်ဖြစ်ပေသည်။

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားညီလာခံ အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ (၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာ သိန်းညွန့် (ညွန့်ဝေ-ကသာ)တို့က ဆောင်ရွက်ကြသည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၆)၌ ကျင်းပရာ သဘာပတိ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၈)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ၅၄ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ရုပ်ရှင် ဒါရိုက်တာဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က တင်ပြမည့် အကြံပြုချက်စာတမ်း (မူကြမ်း)များကို ဖတ်ကြားဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ဂီတစာဆို ဟသ်ာတ ဦးမြင့်ဌေးကလည်းကောင်း၊ တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင့်ကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက အကြံပြုဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ယင်းမီးစက်များမှတစ်ဆင့်ရရှိသော လျှပ်စစ်မီးဖြင့် ရုပ်မြင်သံကြားကြည့်ရှုနေသူများ၊ ကျေးရွာရှိ စာဖတ်ပိုင်းများအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။ ထို့နောက် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင် စိုက်ပျိုးပေးခဲ့ကြသည်။

၈-၁-၂၀၀၆ရက်နေ့ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီ သစ်တောပျိုးဥယျာဉ်တွင် မန္တလေးတိုင်း ကြက်ဆူပင် စိုက်ပျိုးရေးသရုပ်ပြပွဲ ကျင်းပရာ မန္တလေးစက်မှုဇုန်မှ တီထွင်သော ဆီကြိတ်စက်သုံးမျိုးဖြင့် ကြက်ဆူစေ့များ လက်တွေ့ကြိတ်၍ ပြသခဲ့သည်။ ယခင်က ကြက်ဆူစေ့များကို လက်လှည့်စက်ဖြင့် ကြိတ်နေရာမှ ယခုစက်ဖြင့် ပိုမိုတွင်ကျယ်ထိရောက်စွာ ကြိတ်ပေးနိုင်ပြီဖြစ်ရာ ကြက်ဆူဆီ ကြိတ်ဖတ်များကိုလည်း အဆင့်မြင့်စွာ ထုတ်ပေးနိုင်ပြီ ဖြစ်သည်။ ထို့အပြင် ကြက်ဆူဆီဖြင့် ကျေးရွာသုံးမီးစက် မူလဒီဇယ်အင်ဂျင် (ISUZU) အမျိုးအစား မြင်းကောင်ရေ ၈၇ကောင်အားရှိ အင်ဂျင်နှင့် တွဲဖက် အသုံးပြုနိုင်သော ဒိုင်နမို၄၀ကီလိုဝပ်ကို ကြက်ဆူဆီ တစ်ဂါလန်ဖြင့် စမ်းသပ်မောင်းနှင်ခဲ့ရာ မိနစ်၅၀ မောင်းနှင်နိုင်ခဲ့သည်။ ဒီဇယ်ဖြင့် မောင်းနှင်ပါက တစ်နာရီမောင်းနှင်နိုင်သည်။

မန္တလေးစက်မှုဇုန်မှ ထုတ်လုပ်သော Bus, Light Truck နှင့် မီးစက်များအား စမ်းသပ်မောင်းနှင်ခဲ့ရာ အောင်မြင်မှုရှိသဖြင့် ကျေးလက်နေပြည်သူများ အံ့သြဝမ်းသာလျက်ရှိနေကြသည်။ ဂျစ် Light Truck များတွင် ဒီဇယ်အင်ဂျင် (2C) တပ်ဆင်ထားပြီး ကြက်ဆူဆီ ၁၀၀ရာခိုင်နှုန်းဖြင့် စမ်းသပ်မောင်းနှင်ခဲ့ရာ တစ်ဂါလန်လျှင် ၂၃မိုင် မောင်းနှင်နိုင်ခဲ့သည်။ ဒီဇယ်ဖြင့် မောင်းနှင်ပါက တစ်ဂါလန်လျှင် ၂၅မိုင်နှုန်းမောင်းနှင်နိုင်ပေသည်။

လူ၄၂ယောက်စီး Bus ကားကို ကြက်ဆူဆီ ၁၀၀ ရာခိုင်နှုန်းဖြင့် တစ်ဂါလန်၁၀မိုင်နှုန်း၊ ဒီဇယ်ဖြင့် မောင်းနှင်ပါက တစ်ဂါလန်၁၂မိုင်နှုန်း မောင်းနှင်နိုင်သည်။ ထို့ပြင် သာမက ကြက်ဆူဆီဖြင့် မီးအိမ်များ ထွန်းညှိ၍လည်း ညတွင် ရေနံဆီမီးအိမ်အစား အသုံးပြုနိုင်သည်။ ၎င်းအပြင် ရေနံဆီမီးဖိုအစား ကြက်ဆူဆီဖြင့် ထမင်း၊ ဟင်းနှင့် စားသောက်ဖွယ်ရာများ အလွယ်တကူ ချက်ပြုတ်နိုင်ပေသည်။

ကြိတ်စက်များတွင်လည်း ဟိုက်ဒရောလစ် ဖိအားသုံးသဖြင့် ဆီကြိတ်နိုင်ရန် တီထွင်ထားရှိပြီး ၎င်းစက်တွင် တစ်ကြိမ်လျှင် ကြက်ဆူစေ့ တစ်ပြည်ခွဲ ထည့်ကြိတ်နိုင်သည်။ ၁၀မိနစ်ခန့်ကြာသည်။ ကြက်ဆူစေ့ တစ်တင်းလျှင် တစ်နာရီမိနစ်၄၀ခန့်ကြာပြီး ဆီငါးပုလင်းခန့် ရရှိနိုင်သည်။ လူတစ်ယောက်လွယ်ကူစွာ ကြိတ်နိုင်ပေသည်။

ဒီဇယ်(၅/၆) အင်ဂျင်ဖြင့် တွဲ၍လည်းကောင်း၊ 3HP မော်တာဖြင့် တွဲ၍လည်းကောင်း ဘေးတိုက်လွန်သွားဖြင့် ကြိတ်စက်တီထွင်ထားရှိပြီး ကြက်ဆူစေ့တစ်တင်းလျှင် ဆီခြောက်ပုလင်းခန့်ထိ ရရှိနိုင်သည်။ ယခင် လက်ကြိတ်စက်ဖြင့် ကြိတ်ခြင်းထက် တစ်ပုလင်းမှ တစ်ပုလင်းခွဲခန့် ပိုမိုရရှိနိုင်သည်။

"မိသားစုဝင်ငွေတိုးဖို့ ခြံစည်းရိုးကြက်ဆူပင်စိုက်ကြစို့" ရည်ရွယ်ချက်အတိုင်း တောင်သူလယ်သမား မိသားစုများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင် တစ်ဧကစိုက်ပျိုးပါက ကြက်ဆူစေ့တင်း ၁၃၀အထိထွက်ရှိနိုင်ပြီး တင်း ၁၃၀ ကို ဆီကြိတ်ပါက ဆီဂါလန်၁၀၀ ရရှိနိုင်မည်ဖြစ်သည်။ ဒေသပေါက်ဈေးနှင့်တွက်ပါက တစ်နှစ်အတွင်း အပိုဝင်ငွေ ကျပ်သုံးသိန်း ရရှိနိုင်မည်ဖြစ်သည်။ သဘာဝမြေသြဇာအဖြစ် ကြိတ်ဖတ်ပိဿာ ၆၅၀ရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

"မြေကြီးကရွှေသီးဖို့ ကြက်ဆူပင်စိုက်ကြစို့" ဆိုသည့်အတိုင်း **တောင်သူလယ်သမား မိသားစုများအဖို့ မိမိတို့ ကျေးရွာဒေသတွင် လယ်ထွန်စက်များ၊ မော်တော်ယာဉ်များအတွက် ဒီဇယ်ဆီဝယ်စရာမလိုဘဲ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ကြမည်ဖြစ်ရာ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးသူတိုင်း မြေကြီးကရွှေသီးပြီး ဝင်ငွေတိုးတက်ရရှိလာနိုင်မည် ဖြစ်သည်။** သို့ဖြစ်၍ ကျေးလက်အိမ်ခြံစည်းရိုးများ၊ လမ်းဘေးဝဲယာ၊ ဆည်၊ ကန်၊ ချောင်း၊ မြောင်းဘေး ဝဲ/ယာ မကျန် စိုက်ပျိုးကြခြင်းဖြင့် **"အညာမြေကို ကြက်ဆူပင်ဖြင့် အလှဆင်"** ကြရန်ဖြစ်ပေသည်။

နှစ်ရှည်ပင်ဖြစ်သည့် ခြံစည်းရိုးကြက်ဆူပင်သည် မြေလွတ် မြေရိုင်းများ၊ အခြားသီးနှံ စိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေဆီသြဇာချို့တဲ့သော မြေများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စိုက်ပျိုးသင့်သည်။ ကျေးလက်နေ ပြည်သူလူထုအတွက် မိသားစုဝင်ငွေ ပိုမိုရရှိလာပြီး အနာဂတ် စက်သုံးဆီလိုအပ်မှုကို တစ်စိတ်တစ်ပိုင်း ဖြည့်စွမ်းပေးနိုင်မည် ဖြစ်ပေသည်။

တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ မီးစက်၊ မြစ်ချောင်းအတွင်း သွားလာနေကြသော မြင်းကောင်ရေ ၂၀အောက် ပဲ့ထောင် ရေယာဉ်များ၊ လယ်ယာထုတ်ကုန်သုံး ထော်လာဂျီများတွင် ကြက်ဆူစေ့ကို လက်သုံးကြိတ်စက်ဖြင့် ကြိတ်၍ ရရှိလာသော ကြက်ဆူဆီများကို ကိုယ်တိုင်အသုံးပြုနိုင်သည့်အတွက် ယနေ့ တောင်သူလယ်သမားများ၏ဘဝ လူနေမှုဘဝ မြင့်မားရေးထူးကဲသော အခွင့်အလမ်းကောင်းပင် ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှုဖြင့် ဤအခွင့်အရေးများ တောင်သူလယ်သမားများအဖို့ တိုက်ရိုက်ခံစားခွင့်ရရှိကြတော့မည် ဖြစ်သည်။ **"တောင်သူလယ်သမားများဘဝ သာယာလှပဖို့ ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြပါစို့"** ဟု တိုက်တွန်းလိုက်ရပေသည်။ ။

ကိုယ့်တရား ကိုယ်ရှာ ကိုယ့်ပြည်ရွာ ကိုယ်ပြု

☆ တရားဆိုတာ၊ မဝေးကွာဘူး
ကိုယ်မှာဖွေလှစ်၊ တရားစစ်တွေ
တွေ့ရပေလိမ့်။

☆ ကိုယ်မှာဖွေလှစ်၊ တရားစစ်သာ
ငြိမ်းချမ်းရာကို၊ သေချာညွှန်ပြ
ကိုယ့်ဘဝတွက်၊ ချမ်းမြရိပ်မြုံ
နိဗ္ဗာန်ဘုံသို့၊ သယ်ဆောင်ပို့တာ
ပြုနိုင်ပါ၏။

☆ ကိုယ့်တွက်တရား၊ သူတစ်ပါးမှာ
သွား၍ရှာသော်၊ ခုတ်ရာတခြား
ရှရာတစ်လွဲ၊ အလွဲလွဲဖြင့်
ဖောက်လွဲတရား၊ အသိမှားဖြင့်
လမ်းမှားပေါ်မှာ၊ ရောက်တတ်ပါ၏။

☆ ဗုဒ္ဓဘုရား၊ ဟောညွှန်ထားသည့်
တရားရှာနည်း၊ နိဿရည်းကို
လူနည်းတူစွာ၊ ပြည်ရွာအကျိုး
ဆောင်သယ်ပိုးရာ၊ ကျင့်သုံးပါက
မှန်စွာကျိုးပြု၊ လူသားထုကို
ကောင်းမှုဝေဖြာ ဖြစ်လိမ့်တည်း။ ။

နွယ်ချို

အားကစားပစ္စည်းဆိုင်သစ် တိုးချဲ့ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၆

Winner & Sport Land Co. Ltd အားကစားပစ္စည်းဆိုင်သစ် တိုးချဲ့ဖွင့်လှစ်ခြင်း အခမ်းအနားကို အမှတ် (၃၅၂/၃၆၆)၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်) ကျောက်တံတားမြို့နယ်တွင် ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီ ၁၅မိနစ်က ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ ဧကမ္ဘာကုမ္ပဏီ)၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း (ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေး)နှင့် အမှုဆောင်များ၊ Landco Sport Musical Co., Ltd. မန်နေဂျင်း ဒါရိုက်တာ Mrs. Achara Artipanu၊ Winner & Sport Land Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးတောက်ထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် Landco Sport Musical Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mrs. Achara Artipanu တို့က ဆိုင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ Winner & Sport Land Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးတောက်ထွန်းက စက်ခလုတ်နှိပ်၍ ဆိုင်သစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်သည်။ ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်တော်များက ဆိုင်ခန်းအတွင်းလှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် Landco Sport & Musical Co., Ltd **မန်နေဂျင်း ဒါရိုက်တာ** Mrs. Achara Artipanu **တို့** Winner & Sport Land **အားကစားပစ္စည်းဆိုင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

သာကေတမြို့နယ် (၁၀)တောင်(၁၂) ရပ်ကွက် တံခွန်တိုင်တောရကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပ မြဲဖြစ်သော (၂၁)ကြိမ်မြောက် မဟာပဋ္ဌာန်း ပူဇော်ပွဲကို အောင်စေတီ ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရ အား အမှူထား၍ ပင့်သံဃာ ၄၅ ပါးဖြင့် ဇန်နဝါရီ ၁၈ ရက်မှ ဇန်နဝါရီ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွန်းစုတပ်နယ်ခန်းမ၌ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒေသအလိုက် ဝမ်းစာစပါးဖူလုံရန်နှင့် ဝင်ငွေကောင်းသော နှစ်ရှည်သီးနှံမျ
ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဆက်စပ်အကောင်အ

☆ **ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၁၄ရက်နံနက် ၁၀နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ဆီကြိမ်းစက်ရုံမှ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ ရောက်ရှိကြရာ ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပုလဲကျွန်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲမွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ပုလဲရတနာခန်းမ၌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ပုလဲကျွန်း၌ ပုလဲမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့် သမိုင်းအကျဉ်း၊ ကမ္ဘာပေါ်ရှိ ပုလဲအမျိုးအစားများ၊ မြန်မာနိုင်ငံက ထွက်ရှိသည့် တောင်ပင်လယ်ပုလဲဆိုင်ရာ အချက်အလက်များ၊ ပုလဲမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းဆောင်ရွက်နေမှုများ၊ မုတ်ကောင်သားဖောက်လုပ်ငန်း အောင်မြင်လာမှုများ၊ ပုလဲထွက်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ပုလဲကျွန်းရှိ နိုင်ငံပိုင် ပုလဲမွေးမြူရေးလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ပုလဲမွေးမြူရေးလုပ်ငန်း အခြေအနေများ၊ သားဖောက်မုတ်ကောင်မွေးမြူ၍ ပုလဲထုတ်လုပ်ပုံများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကမ္ဘာ့ပုလဲဈေးကွက်တွင် အခြားနိုင်ငံများ၏ ပုလဲများထက် အရည်အသွေးကောင်းပြီး လူကြိုက်များသော ပုလဲများကို တီထွင်ကြံဆ ကြိုးပမ်းထုတ်လုပ်ရန်၊ ခေတ်မီ ပုလဲမွေးမြူရေးလုပ်ငန်း၌ တိုင်းရင်းသားလုပ်ငန်းရှင်များအပိုင်းက စိတ်ဝင်စားလာပြီး ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာအောင် အားပေး ပျိုးထောင်ရန် မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မုတ်ကောင်သားဖောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပုလဲကျွန်းရှိ ပုလဲရတနာခန်းမ၌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က ပုလဲမွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ သားပေါက်မုတ်ကောင်များကို ဝတ်ဆံသွင်းပြီး ဝတ်ဆံမြဲ၊ မမြဲ ဓာတ်မှန်စက်ဖြင့် စစ်ဆေးခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မုတ်ကောင်များ၌ ဝတ်ဆံသွင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ မုတ်ကောင်များမှ ပုလဲဖော်ယူခြင်းလုပ်ငန်းများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုလဲကျွန်း ပုလဲမွေးမြူရေးစခန်းကထွက်ရှိသည့် ငွေရောင်၊ ရွှေရောင် မြန်မာ့ပုလဲများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တစ်လခွဲသား သားလောင်းမုတ်ကောင် မွေးမြူထားမှု၊ နှစ်လခွဲသားနှင့်အထက် သားပေါက်မုတ်ကောင်များမွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တာဝန်ရှိသူများအား လိုအပ်သည်များကို ထပ်မံမှာကြားသည်။

နိုင်ငံတကာ ပုလဲဈေးကွက်တွင် စီးပွားဖြစ် ထုတ်လုပ်ရောင်းချသော ပုလဲလေးမျိုးရှိပြီး ဂျပန်ပုလဲ(Akoya Pearl)၊ ပုလဲနက်(Tahitian Pearl)၊ တောင်ပင်လယ်ပုလဲ (South Sea Pearl)နှင့် ရေချိုပုလဲတို့ဖြစ်သည်။

တန်ဖိုးမြင့်မား

မြန်မာနိုင်ငံမှထွက်သောပုလဲမှာ တောင်ပင်လယ် ပုလဲအမျိုးအစားဖြစ်ပြီး အရွယ်အစားကြီးမားခြင်း၊ ရတနာတန်းဝင် ပွင့်ရည်ရှိခြင်းတို့ကြောင့် တန်ဖိုးအမြင့်မားဆုံးပုလဲများဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပုလဲကျွန်းရှိ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုလဲကျွန်း၏ သာယာလှပမှုများနှင့် ကမ်းခြေနေရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ရဟတ်ယာဉ်များဖြင့် ကျွန်းစုမြို့သို့ ရောက်ရှိကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ကျွန်းစုတပ်နယ် ညော့်ရိပ်သာ၌ တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်က ကျွန်းစုမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများ၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးဖြစ်ထွန်းမှုများ၊ ကြက်ဆူပင် စိုက်ပျိုးရန် ပျိုးထောင်ထားမှုများ၊ ကျွန်းစုမြို့နယ် တည်ရှိသည့် ကတန်ကျွန်း ကျွန်းပတ်လမ်း ဖောက်လုပ်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်နယ်ခန်းမ၌ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ဆက်လက်၍ ကျွန်းစုမြို့ကိုလည်းကောင်း၊ ကတန်ကျွန်း ကျွန်းပတ်လမ်း ဖောက်လုပ်ပြီးစီးမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမေ
မြို့မှ မြိတ်မြို့သို့ ညနေပိုင်းတွင် ရ
ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့်
ဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသ

ကျွန်းစုမြို့ရောက်ရှိစဉ် အဖွဲ့ဝင်အ
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝ
ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေ
ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျွန်းစုမြို့နယ် အေးခ
ဥက္ကဋ္ဌ ဦးသန်းညွန့်က မြို့နယ်၏ အကျဉ်
မှုနှင့် ဆန်ဖူလုံမှုရာခိုင်နှုန်း၊ ဆီအုန်း၊ ရော
သားငါးကဏ္ဍအခြေအနေများ၊ ၄၄မိုင် ၅ဖ
ဖောက်လုပ်ပြီးစီးမှုများ၊ ပညာရေး၊ ကျန်
ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က
ကျွန်းပတ်လမ်းအဆင့်မြှင့်ရေးကိစ္စများကိုေ
များက ရှင်းလင်းတင်ပြကြသည်။

အောင်မြင်မှု

ရှင်းလင်းတင်ပြချက်များနှင့် စ
ဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များက
အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း
ဦးစားပေး ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော် ဖွံ့
စီမံကိန်းများကို ချမှတ်အကောင်အထည
အောင်မြင်မှုများရရှိခဲ့ပုံ၊ ဒေသအလိုက် ဝ
သော နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်လို
အကျိုးစီးပွားကို ဆက်စပ်အကောင်အ

❐ **နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေး ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ လျာထားချက်များထက် အောင်မြင်မှုများရရှိ၊**

❐ **ရေမြေ သယံဇာတ အခြေခံကောင်းရှိသည့် တနင်္သာရီတိုင်းကို ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရန် အရေးကြီး။**

မြဝတီရုပ်မြင်သံ

၁၇-၁-၂၀၀

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုလဲကျွန်းရှိ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

...သော နှစ်ရှည်သီးနှံများစိုက်ရန်လို ...ဆက်စပ်အကောင်အထည်ဖော်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့မှ မြိတ်မြို့သို့ ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကျွန်းစုမြို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့ ကျွန်းရတနာခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းညွန့်က မြို့နယ်၏ အကျယ်အဝန်းနှင့် လူဦးရေ၊ စပါးစိုက်ပျိုးမှုနှင့် ဆန်ဖူလုံမှုရာခိုင်နှုန်း၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးမှုများ၊ သားငါးကဏ္ဍအခြေအနေများ၊ ၄၄မိုင် ၅ဖာလုံရှိ ကတန်ကျွန်း ကျွန်းပတ်လမ်းဖောက်လုပ်ပြီးစီးမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ကျွန်းပတ်လမ်းအဆင့်မြှင့်ရေးကိစ္စများကိုမေးမြန်းရာ သက်ဆိုင်ရာဌာန တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

အောင်မြင်မှုများရရှိ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကိုဖြည့်ဆည်းပေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့ကို ဦးစားပေး ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ လျာထားချက်များထက် အောင်မြင်မှုများရရှိခဲ့ပုံ၊ ဒေသအလိုက် ဝမ်းစာစပါးဖူလုံရန်နှင့် ဝင်ငွေကောင်းသော နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်လိုအပ်ပုံ၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဆက်စပ်အကောင်အထည်ဖော်ရန် လိုအပ်ပုံ၊ ရေမြေသယံဇာတ အခြေခံကောင်းရှိသည့် တနင်္သာရီတိုင်းကို ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရန် အရေးကြီးပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံ

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် ဇန်နဝါရီ ၁၄ရက် ညပိုင်းတွင် မြိတ်မြို့ မြိတ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့်မြို့နယ်အသင်းများမှ အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံမှာကြားကြသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇန်နဝါရီ ၁၂ရက်တွင် ကော့သောင်းမြို့ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ လူမှုဝန်ထမ်းဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၅ရက်တွင် မြိတ်မြို့ ကရက်ကျေးရွာရှိ အမျိုးသမီးများ သက်မွေးအတတ်ပညာသင်တန်းသို့ သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး သင်တန်းသူများ၏ နေထိုင်စားသောက်မှုများ၊ သက်မွေးပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများအတွက် ထောက်ပံ့ငွေနှင့် အနွေးထည်အကျီမျိုးများကို ပေးအပ်သည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၁၆-၁-၂၀၀၆)

ပင်လောင်း	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်၊ မင်းတပ်နှင့် မိုးကုတ်	၄ ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ အကြိမ်(၂၀)မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ စတင်ကျင်းပရာ ကျောက်မျက်အတွဲပေါင်း ၂၈၆တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၉၈၆တွဲတို့ကို တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များသည် ဇန်နဝါရီ ၁၆ရက်မှ ၁၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကြည့်ရှုစစ်ဆေးကြမည်ဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက် နံနက် ၉နာရီတွင် ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို Bargain စနစ်နှင့် Auction စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၇၁၅ဦးနှင့် ပြည်ပရတနာကုန်သည် ၄၁၁ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ဇန်နဝါရီ ၁၃ရက်တွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိ၍ အာနန္ဒာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အာနန္ဒာဘုရားပွဲတော်ကို ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ရွှေနန်းတော်ကြီး တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ နန်းတော်၏ အထွတ်ထုပိကာပုံစံကို ကြည့်ရှုစစ်ဆေးပြီး ကလသာအိုးပုံစံကို သတ်မှတ်ပုံစံအတိုင်း တိကျစွာ ပြုလုပ်ရန်နှင့် ပဋ္ဌပါဿဒ ပြာသာဒ်ကြီးပေါ်၌ တပ်ဆင်မည့် မှန်ကင်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားကာ တောင်ဘက်တံတိုင်းမုခ်ပေါက် လျာထားတိုင်းတာ သတ်မှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။

ထို့နောက် ဝန်ကြီးသည် ပုဂံရွှေဆံတော်ဘုရားအနောက်ဘက်ရှိ ဘုရားအမှတ်(၁၅၅၄) သယမ္ဘူဘုရားနှင့် ဘုရားအမှတ်(၁၄၆၇) လောကဥသျှောင်ဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

မြန်မာလုပ်ငန်းရှင်များအား မလေးရှားလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်အား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Syahmi (a) Muhammad Syahmi Bian Jaafar သည် ဇန်နဝါရီ ၁၂ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့လာရောက်တွေ့ဆုံပြီး မလေးရှားနိုင်ငံ Kuala Lumpur & Selangor Indian Chamber of Commerce & Industry (KLSICCI)မှ အဖွဲ့ဝင် ၁၆ဦးပါဝင်သောကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၂၄ရက်တွင် လာရောက်၍ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမည့်ကိစ္စ၊ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန်ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဓမ္မစေတီဆရာတော် တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ မဟာဓမ္မာစရိယ၊ M.A (Buddhism) သည် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိ သထုံမြို့၊ ၂၃ ရက်တွင် ပုသိမ်မြို့ မြောင်းမြကျောင်း၊ ၂၄ ရက်တွင် ဦးဖိုးထူးလမ်း ကြည့်မြင်တိုင်၊ ၂၅ ရက်တွင် သီတာလမ်း ကျောက်မြောင်းနှင့် ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီတော်၊ ၂၆ ရက်တွင် သုံးဆယ်မြို့၊ ၂၇ ရက်တွင် သုံးခွမြို့၊ ၂၈ ရက်တွင် ကြည့်မြင်တိုင် ပန်းလှိုင်အိမ်ရာနှင့် လှိုင်(၁၁)ရပ်ကွက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ပုသိမ်မြို့၊ ၃၁ ရက်တွင် မြတ်သစ္စာဓမ္မာရုံ ဒဂုံမြို့သစ်တောင်ပိုင်းတို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသီဂိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၆ ရက်မှ ၁၅ရက်(ဖေဖော်ဝါရီ ၃ရက်မှ ၁၂ရက်) အထိ ၁၀ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ပုဏ္ဏမီ ဆရာတော် ဦးပညာသာရ အရှင်မြတ်နှင့် ဓမ္မကထိက ဆရာ ဦးစိန်ဝတို့က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဆွမ်းအလှူရှင်များ ဖုန်း-၅၇၂၃၉၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ ကျေးဇူးရှင်ဖခင်ကြီး နိုင်အောင်သိန်း ကွယ်လွန်သည့်(၉)နှစ်မြောက်အားရည်စူး၍ ဇနီး မိလေးစိန်နှင့် သား၊ သမီးများက ငွေကျပ် ၁၂၅၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း-၄၄) ဇာတ်သိမ်း**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အတီးပြိုင်ပွဲ
၈:၀၅ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၉။ အကပြိုင်ပွဲ
၈:၂၅ ၁၀။ မအီချောင်းတံတား
၈:၃၀ ၁၁။ International News.
၈:၄၅ ၁၂။ Let's Go.
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အတီးပြိုင်ပွဲ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၄:၄၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၀၀ ၆။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၅:၁၀ ၇။ **"အားဆေး" (မိုးဒီ၊ ဇော်သက်အောင်၊ ဆောင်းအိမ်ရွှေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၅:၁၅ ၈။ ကြေးမုံရိပ်သွင် တေးနှယဉ်
၅:၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၅၆)**
၆:၅၅ ၁၃။ ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လေ့ကားထစ်လေးများ" (အပိုင်း-၃၁)**
၇:၅၀ ၁၅။ လောင်စာစွမ်းအင်အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ကြက်ဆူရိုင်းမှဘိုင်အိုဒီဇယ်)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း-၂)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။



မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသောအမျိုးသားညီလာခံ ကြိုဆို ထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ မန္တလေး တက္ကသိုလ်မြန်မာစာဌာနပါမောက္ခ ဦးမောင်မောင်လေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေး လမ်းကြောင်းပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်းဆောင်ရွက်နေ

● ပြည်သူများမှ

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ ဗီဒီယိုအခြေခံအဖွဲ့၊ ဂီတအစည်းအရုံး၊ သဘင်ပညာရှင်များ အစည်းအရုံး၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မန္တလေးတိုင်းအတွင်းရှိ စီးပွား ရေးလုပ်ငန်းရှင်များ၊ မန္တလေးစက်မှု ဇုန်(၁)နှင့် (၂)တို့မှ စက်မှု လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၇၂၀၀တို့တက် ရောက်ကြသည်။

မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်ဦးတင်ထွန်း အမျိုးသားညီလာခံ အား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်း စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်မေမြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း သည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီး မြင့်ဆွေ (အငြိမ်းစား)အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မန္တလေး တက္ကသိုလ်မြန်မာစာဌာန ပါမောက္ခ ဦးမောင်မောင်လေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မန္တလေးတိုင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး၊ မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင် ဝင်းခိုင်၊ စီးပွားရေးလုပ်ငန်းရှင် ဦးမြမောင်၊ မန္တလေး ဆေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးစိုးထွန်း (အငြိမ်းစား)၊ တိုင်းတရားသူကြီး ဦးဟန်ညွှန့် (အငြိမ်းစား)နှင့် မကွေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးစိန်ဝင်း (အငြိမ်းစား) တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဒေါ်နှင်းရွှေစင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်း အနားမှူးအဖြစ် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဒေါ်ခင်လပြည့်က ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက လူထုအစည်းအဝေး အစီအစဉ်များကို ဖတ်ကြားကြေညာပြီး လူထုအစည်း အဝေးစတင်ကျင်းပကြောင်းကြေညာသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဦးမောင်မောင်လေးက အဖွင့်အမှာစကားပြောကြား ရာတွင်နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒများ ကို အလေးအနက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ ပြည်သူများ၏ဆန္ဒနှင့်မကိုက်ညီသော တစ်ပါတီစနစ်နှင့် ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်များကို ချက်ချင်းဖျက်သိမ်းပေးပြီး ပြည်သူများ တစ်ခဲနက်တောင်းဆို ခဲ့သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ် များကို အခိုင်အမာတည်ဆောက်ပေးလျက်ရှိကြောင်း။

ယနေ့တွင် အမျိုးသားညီလာခံကျင်းပပြီး ဒီမိုကရေစီ ကူးပြောင်းရေးအတွက် ပထမအဆင့်အဖြစ်မရှိမဖြစ် လိုအပ် နေသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာပေါ်၌ရှိသည့် လွတ်လပ်သောနိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရစမြဲဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အသက်၊ နိုင်ငံ တော်နှင့် နိုင်ငံသားများ၏ဘဝဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသား များ၏ အနာဂတ်လည်းဖြစ်ကြောင်း၊ ဤမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်အောင်ဆောင်ရွက်သည့် နေရာတွင် မိမိတို့အားလုံးကလည်း ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးတွင် ယခင်ပေါ်ပေါက်ခဲ့ပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေများ နှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေး စိတ်လေ့လာသင်ခန်းစာယူပြီး ညှိနှိုင်းရေးဆွဲလျက်ရှိကြောင်း။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုး စီးပွားအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရန် ကြိုးပမ်းရာတွင် အမျိုးသားညီလာခံကျင်းပပြီး ညှိနှိုင်းဆောင်ရွက်ခြင်းသည် တစ်ခုတည်းသော နည်းလမ်းဖြစ် ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင် တက်ရောက်သည့် အမျိုးသားညီလာခံကြီးကသာ တိုင်းပြည် ၏ အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆုံးဖြတ်ကြခြင်းသည် သဘာဝကျပြီး မှန်ကန်သော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း။

ကိုယ်စားလှယ်ပေါင်းများစွာ အလွှာပေါင်းစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းသော အမျိုးသား ညီလာခံမျိုးသည် ယနေ့ ဒီမိုကရေစီ စံပြုရပါသည်ဆိုသည့် နိုင်ငံကြီးများ၊ အခြေခံဥပဒေရေးဆွဲခဲ့စဉ်ကတောင် မကျင့် သုံးခဲ့ပါကြောင်း၊ တက်ရောက်နေကြသော ကိုယ်စားလှယ် များကလည်း ဒေသအဖွဲ့အစည်းအသီးသီးက အထင်ကရ ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ ယင်းကိုယ်စားလှယ်အားလုံးက လည်း ၎င်းတို့၏ ကိုယ်ရေးကိုယ်တာလုပ်ငန်းများကို ပစ်ပယ် ပြီး နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဆွေးနွေးညှိနှိုင်းနေကြသည်ကိုလည်း မိမိတို့မြင်တွေ့နေကြရကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ဒီမိုကရေစီစနစ်ကိုကျင့်သုံးကြတဲ့ အခါ ပညာရည်မြင့်မားမှ စည်းကမ်းပြည့်ဝတဲ့အပြင် အမှား အမှန်ကို ပြတ်ပြတ်သားသား ခွဲခြားသိမြင်နိုင်ကြမှာဖြစ် တယ်၊ “ပညာရည်နိမ့်ပါးခဲ့ရင် မှားသည်မှန်သည်ကို ဝေခွဲနိုင် စွမ်းအားနည်းတာကြောင့် မဲဆွယ်ဖြားယောင်းမှုနောက် ပါသွားပြီး အဂတိတရားမကင်းတဲ့ ရွေးချယ်မှုတွေကို ပြုမိ ကြလိမ့်မယ်။ အဲဒီလိုဆိုရင် လွတ်လပ်ရေးရပြီးခါစတုန်းက ပါလီမန်ဒီမိုကရေစီစနစ်လို စည်းမဲ့ကမ်းမဲ့ပြန်ဖြစ်သွားပြီး ဒီမိုကရေစီစနစ်ဟာ ဆိတ်သုဉ်းသွားနိုင်တယ်”** ဟု လမ်းညွှန် မိန့်ကြားထားပါတယ်။

ထို့ကြောင့်နိုင်ငံတော်အစိုးရသည်ပညာတတ် လူ့စွမ်းအား အရင်းအမြစ်များ ဒေသအလိုက် တိုးပွားပေါ်ထွက်လာအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက စိတ်ရင်းစေတနာဖြူစင်စွာဖြင့် နိုင်ငံတော်အာဏာကို ပြည်သူလူထုထံ သိမ်မွေ့ညင်သာစွာ ပြန်လည်အပ်နှံပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံ တော်ကြီးဖြစ်ပေါ်ရေးလမ်းကြောင်းပေါ်သို့တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်းဆောင်ရွက်နေသည်ကို တွေ့ရှိနေရကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ပြည်သူလူထုသည် အမှားနှင့် အမှန်ကိုဆင်ခြင်တုံတရားဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိလာ ပြီဖြစ်ကြောင်း၊ မိမိတို့တစ်တွေသည် ပြည်ထောင်စုကြီး ပြိုကွဲပြီး တိုင်းတစ်ပါးကျွန်ပြန်ဖြစ်မည့် အဖြစ်ဆိုးမျိုးကို လုံးဝလက်မခံနိုင်ကြောင်း၊ မိမိတို့တိုင်းပြည်၌ ဘက်ပေါင်းစုံ က ဖွံ့ဖြိုးတိုးတက်နေမှုများကိုလည်း အားလုံးမြင်တွေ့နေကြ ရပြီးဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ လမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားပြီး ရည်မှန်းချက်အတိုင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ထူထောင်သွားရန်ပင်ဖြစ်ကြောင်း၊ ဤသို့ ထူထောင်နိုင်ရန် အရေးကြီးဆုံးအဆင့်ဖြစ်သော အမျိုးသား ညီလာခံကြီး အောင်မြင်ရေးကို ကျရာအခန်းကဏ္ဍက ပါဝင် ဆောင်ရွက်သွားမည်ဆိုသည့်အကြောင်းဖြင့် အမျိုးသား ညီလာခံကြီးကို လေးလေးနက်နက် ကြိုဆိုထောက်ခံကြ ပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ကြောင်းအဆိုကို မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးတင်ထွန်းက တင်သွင်း ရာတွင် မိမိတို့နိုင်ငံရေးသမိုင်းကို ပြန်ကြည့်လျှင် လွတ်လပ်ရေး နှင့်အတူ နယ်ချဲ့ဆိုးမွေအဖြစ်ပါလာသော သံသယများ၊ သွေးခွဲမှုများ၊ အမြင်ကျဉ်းမြောင်းမှုများကြောင့် လက်နက်ကိုင် ရောင်စုံသောင်းကျန်းမှုများလည်း တစ်ပါတည်း အမြစ်တွယ် ခဲ့ကြောင်း၊ ဤသောင်းကျန်းမှုဒဏ်ရာဒဏ်ချက်များကို မိမိတို့ ပြည်သူများ အလူးအလဲခံခဲ့ရကြောင်း၊ နိုင်ငံရေးပါတီ ဂိုဏ်း ဂဏ ဝါဒစွဲအမျိုးမျိုးကြောင့် မြေအောက်သောင်းကျန်းမှု ကြာရှည်သကဲ့သို့ မြေပေါ်ဆူပူမှုများ မပြတ်မလပ်ရှိနေခဲ့ ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေး၏အရသာကို မြန်မာ တိုင်းရင်းသားပြည်သူတို့ တည်ငြိမ်အေးချမ်းစွာ အပြည့်အဝ မခံစားခဲ့ရကြောင်း၊ ဤပြည်ပ ပယောဂကြောင့်ပဲ ၁၉၈၈ ခုနှစ်တွင် ပြည်တွင်းဆူပူမှုကြီးပေါ်ပေါက်လာခဲ့၍ အရေးကြုံ တိုင်း ပြည်သူများ၏အကျိုးကို ကာကွယ်စောင့်ရှောက် သည့် အစဉ်အလာရှိသော တပ်မတော်က တိုင်းပြည်တာဝန် ကို လွှဲပြောင်းယူခဲ့ရကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်ကို တာဝန်ယူသည့် အချိန်ကစပြီး ပြည်သူများ၏ ဆန္ဒကိုအလေးထားခဲ့ကြောင်း၊ ပြည်သူများမလိုလားသော တစ်ပါတီစနစ်ကို ချက်ချင်း ဖျက်သိမ်းပေးခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံလိုအပ်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန် ဖြင့် အကောင်အထည်ဖော်ခဲ့ကြောင်း။

ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် တည်တံ့ရေးအတွက် အဓိက လိုအပ်ချက်သည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ဝင်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်က မငြိမ်းချမ်းသော ဒေသ များ၌ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လက်တွဲဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း၊ တကယ်တော့ ခေတ်အဆက်ဆက်မဆောင်ကြဉ်းနိုင်ခဲ့သည့် ငြိမ်းချမ်းရေးကို ယခုနိုင်ငံတော်အစိုးရလက်ထက်ကျမှ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း။

တစ်ဟုန်ထိုးတိုးတက်

ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် အခြေခံအဆောက် အအုံများကို အပြောမဟုတ် လက်တွေ့ကျကျ တည်ဆောက် ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ လမ်းမကြီးများ၊ တံတားကြီးငယ်များ၊ ဆေးရုံကြီးများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၊ အဆင့်မြင့်မြို့ပြ အဆောက်အအုံကြီးများ၊ စက်မှုဇုန်များ၊ ဆည်မြောင်း၊ တာတမံများ ဘက်စုံကဏ္ဍစုံတွင် လက်ညှိုးထိုးမလွဲ တစ်ဟုန် ထိုးတိုးတက်ဖြစ်ထွန်းလာသည်ကို ပြည်သူလူထုကြီး တစ်ရပ် လုံး အကျိုးကျေးဇူးများကို လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် တိုင်းပြည် တည်ငြိမ်အေးချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး အရှိန်အဟုန်ရလာသည်နှင့်အမျှ နိုင်ငံရေး ဦးတည်ချက် (၄)ရပ်၌ ပါရှိသည့်အတိုင်း ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ဆက်လက်၍ အမျိုးသားညီလာခံကြီးကျင်းပပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့်ကျင်းပနေသည့် အမျိုးသားညီလာခံ ကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြု ထားသော တိုင်းပြုပြည်ပြု ညီလာခံကြီးဖြစ်ပြီး အနာဂတ် ကာလတွင် တိုင်းရင်းသား လူမျိုးအားလုံးအတွက် စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး မုချမသွေ ဖြစ်ထွန်းပေါ်ပေါက် ရေး ရှေးရှုဦးတည်နေသည်ကို ယုံမှားသံသယဖြစ်စရာ မရှိကြောင်းကို တင်ပြအပ်ပါကြောင်း၊ မိမိတို့ မန္တလေးတိုင်းက ညီလာခံကိုယ်စားလှယ်များသည်လည်း အလွှာအသီးသီးက ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြီး ဒေသခံပြည်သူများက ကြည်ညို လေးစားသူ၊ ယုံကြည်အားထားသူ၊ အတွေ့အကြုံများပြားသူ မြို့မိ/မြို့ဖများဖြစ်ကြကြောင်း၊ မန္တလေးတိုင်းက အမျိုးသား ညီလာခံ ကိုယ်စားလှယ် ၇၆ဦး တက်ရောက်လျက်ရှိရာတွင် တစ်တိုင်းလုံးရှိ မြို့နယ်တိုင်းက ပါဝင်ပြီး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ပေါင်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ အခွင့်အရေးကို အပြည့်အဝ ထည့်သွင်းချမှတ်ထား

☞ စာမျက်နှာ ၁၀ မှ

၅၆ဦး ပါဝင်တက်ရောက်နေကြောင်း၊ ညီလာခံ ကိုယ်စားလှယ်အားလုံးသည် သိက္ခာသမာဓိရှိသည့် အထင်ကရပုဂ္ဂိုလ်များပါဝင်တက်ရောက်နေသော ညီလာခံကြီးဖြစ်ကြောင်း။

စေတနာမေတ္တာအရင်းခံ

နိုင်ငံတစ်နိုင်ငံလုံးလွှမ်းခြုံဆုံးဖြတ်ရမည့်ကိစ္စကို အမျိုးသားညီလာခံကြီးကသာ ဆုံးဖြတ်နိုင်မည်ဖြစ်၍ အလွှာပေါင်းစုံမှ တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းများစွာ၊ အဖွဲ့အစည်းများစွာ ကျယ်ကျယ်ပြန့်ပြန့် တက်ရောက်ပြီး ညှိနှိုင်းဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ ဤသို့ မြန်မာတစ်နိုင်ငံလုံး ဒေသအသီးသီးတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ တက်ရောက်

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာမိုးသူဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြီး ကိုယ့်ဒေသအရေးကို ဆွေးနွေးတင်ပြ အကြံပြုနိုင်အောင် တပ်မတော်အစိုးရက နိုင်ငံနှင့်လူမျိုးအပေါ် တစ်ကယ့်စေတနာမေတ္တာအရင်းခံဖြင့် ဆောင်ရွက်စီစဉ်ပေးခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေကြောင်း။

မြန်မာနိုင်ငံ၌ နိုင်ငံသားအားလုံး အေးအေးချမ်းချမ်းဖြင့် သက်ရှင်ရပ်တည်ပြီး၊ ကိုယ်ယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ပြီး ပျော်ရွှင်စွာဘဝတိုးတက်ရေးအတွက် လွတ်လွတ်လပ်လပ် အားထုတ်ဆောင်ရွက်နေနိုင်သည်များသည် မိမိတို့၏ လူ့အခွင့်အရေးပင်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်နှင့်လူမျိုး တိုးတက်အောင် တစ်ယောက်တစ်လက်ကူညီဆောင်ရွက်နေသည်များသည် အမွေခိုင်းစေခြင်းမဟုတ်ကြောင်း၊ မြန်မာတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ ဘိုးဘေးများဆောင်ရွက်ခဲ့၍အနော်ရထာမင်းလက်ထက်ကစပြီး ဆည်မြောင်း၊ကန်ချောင်းများဖြင့် မိမိတို့သားစဉ်မြေးဆက်မတောင့်မတ မကြောင့်မကြနေကြရခြင်းဖြစ်ကြောင်း၊ ယခုမိမိတို့လက်ထက်တွင်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်လူမျိုး၏အစဉ်အလာအတိုင်း ကိုယ့်အားကိုယ်ကိုး ဝိုင်းဝန်းဆောင်ရွက်နေခြင်းများပင်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် ဗီဇကောင်းပြီး မိမိတို့ မိဘရင်နှစ်သည်းချာများ၏ ဖွဲ့စည်းထားသော မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ကြေးစားတပ်မတော်မဟုတ်ကြောင်း၊ သမိုင်းအစဉ်အလာလည်းကောင်းခဲ့ကြောင်း၊ မြန်မာ့တပ်မတော်သည် အရာရာတွင် စည်းကမ်းရှိသော တပ်မတော်၊ သစ္စာရှိသော တပ်မတော်၊ တိတိကျကျလိုက်နာဆောင်ရွက်တတ်သော တပ်မတော်ဖြစ်ကြောင်း။

ကြိုတင်ညှိနှိုင်း

တပ်မတော်အစိုးရသည် အမျိုးသားညီလာခံကြီးကို မိမိသဘောဖြင့် မိမိကျင်းပချင်သကဲ့သို့ ကျင်းပခဲ့ခြင်း မဟုတ်ကြောင်း၊ အမျိုးသားညီလာခံ စတင်မကျင်းပမီ တရားဝင်နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလနှင့် ပါတီအသီးသီးက ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့်သူများဖြင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ကြိုတင်ကျင်းပခဲ့ကြောင်း၊ ယင်းညှိနှိုင်းအစည်းအဝေးကြီးက အမျိုးသားညီလာခံဦးတည်ချက်(၆)ရပ်ကို အများသဘောတူချမှတ်အတည်ပြုပြီး အမျိုးသားညီလာခံကို ဦးတည်ချက်(၆)ရပ်နှင့်အညီ ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံကြီးသည် မြန်မာနိုင်ငံတိုင်းရင်းသားများကို အမှန်တကယ် ကောင်းကျိုးပေးမည့် အမျိုးသားညီလာခံ၊ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံ၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ပို့ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးဖြစ်ကြောင်း မိမိတို့ ပြည်သူလူထုကြီးတစ်ရပ်လုံးက အလေးအနက် ယုံကြည်လျက်ရှိကြောင်း။

နိဂုံးချုပ်ပြောကြားလိုသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော အမျိုးသားညီလာခံကြီးကို မိမိတို့ ပြည်သူအားလုံးက လုံးဝအပျက်အစီး မခံနိုင်ကြောင်း၊ ခိုင်မာသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ဦးတည်ရည်ရွယ်ပြီး ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်ရန် မိမိတို့ ပြည်သူ

မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် ဦးဝင်းထွန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တစ်ရပ်လုံးက ကျရာအခန်းကဏ္ဍကပါဝင်ကူညီ ဆောင်ရွက်ကြရေးနှင့် အမျိုးသားညီလာခံကို လေးလေးနက်နက် ကြိုဆိုထောက်ခံပါကြောင်းအဆိုကို တင်သွင်းသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း နှင့်စပ်လျဉ်းသည့်အဆိုကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်မေမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင်မိမိတို့မြန်မာနိုင်ငံ၌ လူဦးရေ၏တစ်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသမီးများအနေဖြင့် အဓိကအင်အားတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းတစ်လျှောက်တွင် အမျိုးသမီးများနှင့်တန်းတူ နီးကြားတက်ကြွစွာထမ်းဆောင်ခဲ့သော ပညာ၊ စာဂ၊ သီလ၊ တရားနှင့်ပြည့်စုံသည့် အမျိုးသမီးများ၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင်လည်း နိုင်ငံတော်အတွင်း၌ အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားများကို မျက်ခြည်မပြတ် စောင့်ရှောက်ဖော်ဆောင်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင်လည်း အစုအဖွဲ့ ရှစ်ဖွဲ့၌ ထင်ရှားသည့်အမျိုးသမီးအသိပညာရှင်၊ အမျိုးသမီး အတတ်ပညာရှင်များ တိုင်းရင်းသူအမျိုးသမီးကိုယ်စားလှယ်များသည် အလွှာအသီးသီးတွင် အမျိုးသမီးကိုယ်စားလှယ်များအဖြစ်ပါဝင်တက်ရောက်လျက်ရှိကြောင်း၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ အခွင့်အရေးကို အပြည့်အဝ ထည့်သွင်းချမှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အမျိုးသမီးများအပါအဝင် နိုင်ငံသားတိုင်းသည် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးစသည်တို့ အပြည့်အဝခံစားခွင့် ရရှိမည်ဖြစ်ကြောင်း။

အခွင့်အရေးရရှိ

မိမိတို့မြန်မာနိုင်ငံ၌ အမျိုးသမီးများ၏ လူမှုအခွင့်အရေးနှင့်ပတ်သက်၍ မည်သည့်အရာ ဘာတစ်ခုမှ နစ်နာဆုံးရှုံးနေမှုမရှိပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ အလွန်အရေးပါကြောင်းကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားကြောင်း၊ ယနေ့နိုင်ငံတကာနယ်ပယ်၌ ထိမ်းမြားခြင်း၊ လက်ထပ်ခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်းအပါအဝင် အခွင့်အရေးများကို တိုက်ပွဲဝင်တောင်းဆိုနေကြရသည့်အချိန်တွင် မြန်မာအမျိုးသမီးထုကယင်းအခွင့်အရေးများကို မတောင်းဆိုရဘဲမွေးရာပါအခွင့်အရေးများအဖြစ် ရရှိနေကြကြောင်း။

မြန်မာအမျိုးသမီးတိုင်းသည် အမျိုးသားများနှင့် တန်းတူအလုပ်လုပ်ပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ ဆန္ဒမဲပေးပိုင်ခွင့်၊ အဖွဲ့အစည်းတိုင်း၌ ပါဝင်ဆောင်ပိုင်ခွင့်စတဲ့ အခွင့်အရေးများကို အပြည့်အဝရရှိနေကြကြောင်း၊ ဒီမိုကရေစီနိုင်ငံဟု ဟစ်ကြွေးနေကြသည့် နိုင်ငံကြီးများမှ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူမဲပေးပိုင်ခွင့် ရခဲ့ကြခြင်းသည် ၂၀ရာစုတစ်ဝက်ကျိုးခါနီးမှသာဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ဇူလိုင် ၃ရက်ကို မြန်မာအမျိုးသမီးများနေ့ရယ်ဟု သီးသီးခြားခြားဂုဏ်ပြုသတ်မှတ်ပေးထားသည်မှာ ဂုဏ်ယူစရာဖြစ်ကြောင်း၊ ယနေ့မိမိတို့ဆီတွင် ၂၇သန်းကျော်ရှိသော

မန္တလေးတိုင်း ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်မီမီသက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကိုထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာတိုင်းရင်းသူများကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကိုဖွဲ့စည်းပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးရေးရာလှုပ်ရှားမှုများတွင်လည်း အမျိုးသမီးများ၏ဘဝလုံခြုံမှုရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှုရှိရေး ရည်မှန်းချက်များဖြင့် နီးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

သန္နိဋ္ဌာန်ချပြီး

မြန်မာနိုင်ငံ၏ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်တွင်လည်း မိမိတို့မြန်မာအမျိုးသမီးထုတစ်ရပ်လုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဆက်လက်ရှင်သန်ဖြစ်ပေါ်ရေးအတွက် ကျရာအခန်းကဏ္ဍကနေ ပါဝင်ထမ်းဆောင်ကြရန် သန္နိဋ္ဌာန်ချပြီးဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးထု၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အခွင့်အရေး ဆက်လက်ရှင်သန်ရေး၊ တိုင်းရင်းသားအားလုံး၏ လူ့အခွင့်အရေးဆိုင်ရာများ အပြည့်အဝ ရရှိရေးနှင့် တိုင်းပြည်၏ အနာဂတ်ရေး ကောင်းမွန်တိုးတက်အောင် ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံပြည်သူလူထု တစ်ရပ်လုံး၏ ဆန္ဒကို ဖြည့်စွမ်းဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးကိုဆိုထောက်ခံကြောင်း တင်သွင်းသွားသော အဆိုကို မန္တလေးတိုင်း အမျိုးသမီးထုကြီးက ခြွင်းချက်မရှိ ထောက်ခံကြောင်း ဆွေးနွေးတင်ပြသည်။

အစဉ်အလာကောင်း

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးမြင့်ဆွေ(အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အသက်ပေးမည်ဆိုသည့် အဓိဋ္ဌာန်များဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ သားသမီးများဖြင့် ဖွဲ့စည်းထားသော ပြည်သူ့တပ်မတော်ဖြစ်ပါကြောင်း၊ သမိုင်းကို ပြန်ကြည့်လျှင်လည်း နိုင်ငံတော်ကလိုအပ်သည့်အချိန်တွင် ပြည်သူပြည်သားတိုင်း တပ်မတော်သားအဖြစ် တာဝန်ထမ်းဆောင်ပြီး ဤနိုင်ငံကို ထူထောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာဘုရင်များ လက်ထက်က ဝန်ကြီး၊ ဝန်ခံအပါအဝင် နိုင်ငံအကြီးအကဲများကိုယ်တိုင် လွှတ်တော်တက်လျှင် ယပ်ကိုကိုင်၊ အရေးကြုံလာလျှင် ဓားကိုကိုင်ပြီး တိုင်းပြည်၏ အရေးအရာကိစ္စများကို ယပ်တလှည့်၊ ဓားတလှည့် ဆွဲကိုင်စီမံဆောင်ရွက်ခဲ့ကြသည့် မြန်မာ့အစဉ်အလာကောင်းများကို

မိမိတို့မမေ့ပျောက်ထိုက်ဘူးဟု မိမိအနေဖြင့် တင်ပြလိုကြောင်း။

လွတ်လပ်ရေးရပြီး သက်တမ်းတစ်လျှောက် ပြန်ပြောင်းကြည့်မည်ဆိုလျှင်လည်း နိုင်ငံရေး မတည်မငြိမ်ဖြစ်ပြီး စီးပွားရေး ဆုတ်ယုတ်ပျက်ပြားသည့် အချိန်မျိုးတွင် တပ်မတော်က နိုင်ငံတော်၏ တာဝန်ယူခဲ့ရသည်ကို တွေ့နေရကြောင်း၊ ယနေ့ကာလတွင်လည်း တပ်မတော်သည် အမျိုးသား နိုင်ငံရေးတာဝန်ကို ဆက်လက်ထမ်းဆောင်နေရသည့် အချိန်ဖြစ်ကြောင်း။

သင့်မြတ်စည်းလုံးရေး

ယနေ့လက်ရှိတပ်မတော်အစိုးရ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေး ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် သဘောထားရင်းညီညွတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် လက်တွဲလာခဲ့ကြကြောင်း၊ ယခင် အစိုးရအဆက်ဆက်တို့ မဆောင်ရွက်နိုင်ခဲ့သည့် အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေးကို ရရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံထူထောင်ရေးလုပ်ငန်းများလည်း နယ်စပ်ဒေသများပါမကျန် မည်သည့်ခေတ်မည်သည့်အခါနှင့်မှုမတူအောင် ပြောင်းလဲတိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လက်ရှိတပ်မတော်အစိုးရသည် စည်းကမ်းပြည့်ဝသည့်

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ မြို့မိမြို့ဖ ဒေါက်တာစိုးလင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကိုထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ပီပြင်စွာချမှတ်အကောင်အထည်ပေါ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤညီလာခံကြီးသည် မြန်မာ့သမိုင်းတွင် အမျိုးသားအင်အားစုအသီးသီး အစုံညီဆုံး အမျိုးသားညီလာခံကြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည် ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံမူထည့်သွင်းပြဋ္ဌာန်းခြင်းသည် အမျိုးသားညီလာခံက နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ပြည်သူလူထုနှင့် တစ်သားတည်း သမိုင်းစဉ်တစ်လျှောက် ထမ်းရွက်သော တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု အားထားရာရောက်သည့်အတွက် မိမိတို့အားလုံး၏ အနာဂတ်ကို အမျိုးသားညီလာခံကြီးက အာမခံရာရောက်ကြောင်း။

ယနေ့တပ်မတော်အစိုးရ၏ နေ့ညမနား၊ အပင်ပန်းခံပြီး ကြိုးစားပမ်းစား ဆောင်ရွက်နေ၍ ဖြစ်ထွန်းပေါ်ပေါက်လာသော အသီးအပွင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ပြည်သူအားလုံးခံစားနေရခြင်းသည် မည်သူမျှမငြင်းနိုင်သည့် အချက်ဖြစ်ကြောင်း။

ယခုကဲ့သို့ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများကို တစ်ဖက်ကလုပ်ကိုင်ဆောင်ရွက်ရင်းတိုင်းပြည်တည်ငြိမ်အေးချမ်းရေးကိုလည်း တစ်ချိန်တည်းမှာ အလေးထား ဆောင်ရွက်ပေးထား၍ မည်သည့်ခေတ်မည်သည့်ကာလနှင့်မှ မတူအောင် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေကြရခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားမှန်သမျှ ထာဝစဉ်သယ်ပိုးမည်ဆိုသော စိတ်ဓာတ်ဖြင့် ဘက်စုံထောင့်စုံက ဟာကွက်မရှိအောင် ဂရုတစိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီစဉ်ကျင်းပပေးလျက်ရှိ

ထို့ကြောင့်လည်း ပြည်သူတို့လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရောက်ရှိရေးအတွက် အမျိုးသားညီလာခံကြီးကို စီစဉ်ကျင်းပပေးလျက်ရှိခြင်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်သူလူထုကိုယ်စားပြု ကျင်းပပေးလျက်ရှိသော အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တင်သွင်းသွားသည့်အဆိုကို ထပ်ဆင့်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကိုမန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာ မိုးသူဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသား **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✧

ယနေ့ အမျိုးသားညီလာခံကြီး၌ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် လုပ်ငန်းပမာဏအားဖြင့် ၇၀ရာခိုင်နှုန်းခန့် ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပြီ

✧ စာမျက်နှာ ၁၁ မှ

လူမျိုးပေါင်းစုံ၊ လူတန်းစားနှင့်အလွှာပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံတို့က နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာကို ပြဋ္ဌာန်းရန်အတွက် တွေ့ဆုံဆွေးနွေးနေကြသည့် အမျိုးသားနိုင်ငံရေး၏ အလှည့်အပြောင်း ဗဟိုချက်မဖြစ်ကြောင်း၊ အမျိုးသားညီလာခံ၌ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးကြသည့် စစ်မှန်သောမျိုးချစ်စိတ်ရှိကြသူများ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြသူများက အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နေကြသည်ကို မိမိတို့က အလွန်ပင်နှစ်ထောင်းအားရ ရှိလှကြောင်း။

မိမိတို့တစ်မျိုးသားလုံး၏ အရေးကိုဖော်ဆောင်ပေးမည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်(၁)အရ အမျိုးသားညီလာခံကြီးကျင်းပလျက်ရှိသည်ကို မိမိတို့ပြည်သူတစ်ရပ်လုံးကလည်း ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများမထားဘဲ အမျိုးသားရေးအမြင်၊ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ လိုလိုလားလား ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းကိုတင်ပြအပ်ပါကြောင်း။

မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအမှန်တကယ်ဖြစ်ထွန်းမည့် အမျိုးသားညီလာခံကြီး မုချအောင်မြင်လိမ့်မည်ဆိုသည်ကို ယုံကြည်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ကိုယ့်တိုင်းပြည်တွင်းက ပြည်သူလူထုအားကို အလေးထားယုံကြည်ပြီး တစိုက်မတ်မတ် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရောဂါဘယကင်းဝေးပြီး ကျန်းမာသန်စွမ်းသော နိုင်ငံတော်သူ/ နိုင်ငံသားများဖြင့် ထူထောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဤအချက်ကို မမေ့မလျော့ အစဉ်တစိုက် အားထုတ်ခဲ့ကြောင်း၊ ဤသို့ အားထုတ်မှုကြောင့်လည်း မြန်မာတိုင်းရင်းသားများ ယခင်ကထက် ကျန်းမာရေးအဆင့်အတန်းပိုမိုမြင့်မားလာပြီး အသက်ပိုရှည်လာကြောင်း။

ပြည်သူလူထု အသက်ရှည်ရုံသာမက ရောဂါဘယကင်းဝေးကျန်းမာရန်အတွက် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို မြန်မာနိုင်ငံအမျိုးသား ကျန်းမာရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤအမျိုးသားစီမံကိန်းချမှတ်ဆောင်ရွက်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် ဆေးရုံ ၆၃၁ ရုံသာရှိခဲ့ရာမှ ယခု ၈၂၄ ရုံ၊ ကျန်းမာရေးဌာနဆိုလျှင် ၁၉၆၄ ဌာန တိုးတက်လာခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ဆိုလျှင်ယခင်ကသုံးခုသာရှိခဲ့ရာက ယခုတက္ကသိုလ် ၁၅ခုထိ တိုးတက်ခဲ့ပါကြောင်း၊ ယခင်က တိုင်းရင်းဆေးခန်း ၉၁ခုရှိခဲ့ရာမှ ယခု ၂၅၁ခုထိ တိုးတက်လာပြီး၊ ကျန်းမာရေးသင်တန်းကျောင်းဆိုလျှင်လည်း ၁၉၈၈မတိုင်မီက ၂၆ကျောင်းသာရှိခဲ့ရာမှ ယခု ၄၃ ကျောင်းရှိလာပြီဖြစ်ကြောင်း၊ တိုင်း/ ခရိုင် မြို့ကြီးများ၌ အထူးကုဆေးရုံကြီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အထူးကုဆရာဝန်ကြီးများကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ကို အားလုံးမြင်တွေ့နေကြသည့်အတိုင်း ယခုဆိုလျှင် မြန်မာ့မြေပေါ်၌ ကျောက်ကြီးရောဂါ၊ အနာကြီးရောဂါ၊ ပိုလီယိုရောဂါများ ပျောက်ကွယ်သွားကြပြီ ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ HIV/AIDS ရောဂါကာကွယ်တားဆီးပပျောက်ရေးအတွက် အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီအသင်းစသည့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်းပြီး အစွမ်းကုန်လှုပ်ရှား ဆောင်ရွက်လျက်ရှိသည်ကို အားလုံးမြင်တွေ့ကြသည့်အတိုင်းပင်ဖြစ်ကြောင်း၊မိမိတို့တစ်တွေက ကျန်းမာရေးကဏ္ဍအပါအဝင် ကဏ္ဍအားလုံး၌ မြန်မာတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင်မြင်တွေ့နေရကြောင်း၊ ယခုကျင်းပနေသော အမျိုးသားညီလာခံကြီးသည်လည်း ချောမောအောင်မြင်၍ နိုင်ငံတော်နှင့် ပြည်သူများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းပေါ်ပေါက်လာပြီး မိမိတို့အားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် နေထိုင်ကြရမည်ဆိုသည်ကို ဒိဋ္ဌယုံကြည်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အမျိုးသားညီလာခံကြိုဆိုထောက်ခံပါကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းနှင့် မိမိတို့ပြည်သူအားလုံးက ရည်မှန်းချက်ပန်းတိုင်အရောက် ချီတက်ရာတွင်ကျရာ အခန်းကဏ္ဍကနေပြီး အမျိုးသားနိုင်ငံရေးအသိဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် ဦးဝင်းထွန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံ၌ တပ်မတော်အစိုးရသည် တပ်မတော်ဖွဲ့စည်းတည်ထောင်ခဲ့စဉ်က ပြည်သူ့အကျိုးသယ်ပိုးထမ်းဆောင်တတ်သော အစဉ်အလာကောင်းကို အမွေဆက်ခံရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံကဏ္ဍစုံတွင် အခြေအနေကောင်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အားလုံးကိုခြုံငုံပြီးပြောရလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း၊ ဤသို့တည်ဆောက်သည့်နေရာတွင် ပန်းခင်းလမ်းကိုလျှောက်လှမ်းရသကဲ့သို့ သက်တောင့်သက်သာ လွယ်လွယ်ကူကူဖြင့် ဆောင်ရွက်ရခြင်းမဟုတ်ကြောင်း၊ ပိတ်ဆို့မှုများ၊ အခြားအခက်အခဲ အမျိုးမျိုးများ ကြားထဲကနေပြီး မည်သူတရားပျက်ပျက် ကိုယ်မပျက်ဖူးဆိုသည့် စိတ်ဓာတ်စေတနာအရင်းခံဖြင့် အောင်မြင်အောင် ဆောင်ရွက်နေသည်ကို မိမိတို့အားလုံးတွေ့မြင်သိရှိနေကြကြောင်း။

တပ်မတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် စက်မှုကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်းခံယူပြီး စက်မှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အခြားကဏ္ဍများနည်းတူ အစွမ်းကုန် အထူးအလေးပေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းပြီး ဦးဆောင်စီမံဆောင်ရွက်နေကြောင်း၊ စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်တွင်းအင်အားအပေါ်အခြေခံတည်ဆောက်ပေးနေသည်ကို မိမိတို့စက်မှုလုပ်ငန်းရှင်များက တပ်မတော်အစိုးရ၏ ဖွဲလုံ့လ ဝီရိယနှင့် နိုင်ငံတော်အပေါ်ထားရှိသည့် စေတနာ၊မေတ္တာကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းပြောကြားလိုကြောင်း။

စက်မှုဇုန် ၁၈ ဇုန်

ယခုဆိုလျှင် မြန်မာတစ်နိုင်ငံလုံး၌ စက်မှုဇုန် ၁၈ဇုန်ထိ တည်ထောင်ပေးထားပြီးဖြစ်ကြောင်း၊ စက်ရုံများတိုးတက်မှုအပိုင်းကိုကြည့်လျှင် ၁၉၈၈ခုနှစ်က နိုင်ငံပိုင်စက်ရုံ ၆၂၄ ရုံသာရှိခဲ့ရာ ယခု ၇၉၂ ရုံထိရှိလာပြီး မိမိတို့ပုဂ္ဂလိကစက်ရုံများသည် ၁၉၈၈ခုနှစ်က ၃၅၀၀၀သာရှိခဲ့ရာက ယခု ၈၀၀၀၀လောက်အထိ အများကြီးတိုးတက်လာခဲ့ကြောင်း၊ စက်မှုဇုန်များအနက် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီးအေးသာယာစက်မှုဇုန်များ၌ ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံဖော်စက်ရုံကြီးများကို အဆင့်မြင့်မြင့်တည်ထောင်ပေးထားကြောင်း၊ ယင်းစက်ရုံကြီးများက တစ်နှစ် တစ်နှစ်ကို သံတန် ၁၀၀၀ကျော်ကျိုနိုင်အားရှိပါကြောင်း၊ ထို့ကြောင့် ခေတ်မီစက်ကိရိယာများအပြင် စက်မှုလယ်ယာဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးကိရိယာများပါ ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးနိုင်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ရာမှာ လက်ရာလက်သားကောင်းမွန်ရမယ်၊ သုံးစွဲတဲ့သံနဲ့သတ္တုအရည်အသွေး မှန်ကန်ရမယ်၊ သပ်ရပ်သေချာတိကျမှု ရှိရမယ်၊ တီထွင်ကြံဆဆန်းသစ်နေရမယ်၊ အမြဲခေတ်မီနေရမယ်"** ဟု မိန့်ကြားလမ်းညွှန်ထားချက်နှင့်အညီ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလိုက်နာအကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်ခေါင်းဆောင်များသည် စက်မှုဇုန်များကို အခါမလပ်လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို အားပေးဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းကြောင့် ယခုကဲ့သို့ စက်မှုကဏ္ဍသည် တစ်နေ့တခြားဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်ကြောင်း။

နောက်ပြီးဤမန္တလေးမြို့၊ ကျောက်ဆည်မြို့၊ ပြင်ဦးလွင်မြို့ ပတ်ဝန်းကျင်၌လည်း စက်ရုံကြီးများ အမြောက်အမြားတွေ့ရှိနေရကြောင်း၊ ယင်းတို့သည် တစ်ချိန်က မိမိတို့အိပ်မက်တောင် မမက်နိုင်ခဲ့သည့် အရာများဖြစ်ကြောင်း၊ မိမိမရှိသည်ကို အရှိလုပ်ပြီး ပြောနေခြင်းမဟုတ်ကြောင်း၊ ပြည်သူများအားလုံးမြင်တွေ့ အကျိုးခံစားနေရသည့် စက်မှုဖွံ့ဖြိုးတိုးတက်မှုများထဲက အောင်မြင်မှု တစ်စိတ်တစ်ပိုင်းလက်တွေ့လုပ်ငန်းများပင်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍ

နောက်တစ်ချက် တင်ပြလိုသည်မှာ တပ်မတော်အစိုးရ၏ ပညာရေးကဏ္ဍဆောင်ရွက်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ရှိဖို့ရန်အတွက် ပညာရေးကဏ္ဍကို အစွမ်းကုန်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ရေရှည် အကျိုးစီးပွားအတွက် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံရေးပိုင်းတွင်လည်း နိုင်ငံတော်အာဏာကို ပြည်သူလူထုထံ ပြန်လည်အပ်နှံနိုင်ရန်အတွက် အမျိုးသားညီလာခံကြီးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ခြိမ့်ခြိမ့်သဲသဲကျင်းပလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့မြန်မာနိုင်ငံ၌ မြို့ပြများဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ကျေးလက်ဒေသများ၌လည်း တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ တပ်မတော်အစိုးရကလည်း နိုင်ငံ၌ လူများစုနေထိုင်သည့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မမေ့မလျော့ဆောင်ရွက်ပေးနေမှုကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ကြ ရတော့မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေးအတွက် အရေးကြီးဆုံးပထမ ဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်းတင်သွင်းသွားသည့်အဆိုကို ထပ်ဆင့်ထောက်ခံကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မန္တလေးတိုင်း ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်မီမီသက်က ထောက်ခံဆွေးနွေး တင်ပြရာတွင်အမျိုးသားညီလာခံကြီးအကြောင်းပြန်ပြောင်းတင်ပြရလျှင် ၁၉၉၃ ခုနှစ် ဇန်နဝါရီလကစ၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၉၉၆ ခုနှစ် မတ် ၃၁ရက်ထိ ကျင်းပခဲ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူ (၁၀၄)ချက်ကို အတည်ပြုချက်မှတ်နိုင်ခဲ့ကြောင်း၊ ယင်းနောက် ယာယီအားဖြင့် ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာခဲ့ပြီး ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကျင်းပရေးကို ထည့်သွင်းခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အသေးစိတ်အခြေခံရမည့်အခြေခံမူတချို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊တစ်ခါ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဆက်လက်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌လည်း အသေးစိတ်အခြေခံရမည့် မူတချို့ကို ထပ်မံညှိနှိုင်းခဲ့ကြပြီး ဖြစ်ကြောင်း၊ ယခုတစ်ခါ ယနေ့ကျင်းပဆဲဖြစ်သော အမျိုးသားညီလာခံကြီး၌ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများမထားရှိဘဲ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ညှိနှိုင်းဆွေးနွေး ချမှတ်ခဲ့ကြပြီးဖြစ်ကြောင်း။

ယနေ့ အမျိုးသားညီလာခံကြီး၌ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် လုပ်ငန်းပမာဏအားဖြင့် ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်းကို အားရဖွယ်သိရှိနေရကြောင်း။

ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒကို လေးစားလိုက်နာခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ပြည်သူများ၏ ဆန္ဒကလည်း ခေတ်မီအေးချမ်းသာယာသော နိုင်ငံထူထောင်ရေးဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ နိုင်ငံသားတိုင်းသည် သိက္ခာသမာဓိရှိရှိ ဝမ်းဝ ခါးလှလှဖြင့် ကိုယ်ယုံကြည်ရာ လွတ်လပ်စွာ ကိုးကွယ်ပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် လူ့အခွင့်အရေး ပြည့်စုံစွာဖြင့် နေထိုင်ရလျက်ရှိကြောင်း။

တရားဥပဒေစိုးမိုး

နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးလျက်ရှိသည့် နိုင်ငံ၌ မိမိတို့နေထိုင်ကြကြောင်း၊ နောက်ပြီး မိမိတို့ လူမှုအဖွဲ့အစည်းတွင် မေတ္တာစေတနာလွှမ်းမိုးပြီး ကာလရှည်ကြာကတည်းက စနစ်ရှိသော လူမှုအဖွဲ့အစည်းဖြစ်ပါကြောင်း၊ မိဘဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ ဆရာဝတ်၊ မည်သူများသည် မည်သည့်ဝတ္တရားများနှင့် ညီရမယ်ဆိုသည်ကို အတိအကျ ပြဋ္ဌာန်းထားသော လူမျိုးဖြစ်ကြောင်း၊ ထို့ပြင် အမျိုးသမီးများ၊ ကလေးသူငယ်များ၏ အခွင့်အရေးသည် နိုင်ငံတကာ၌ တိုက်ပွဲဝင်ယူမှုရသော်လည်း မိမိတို့လူမျိုးတွင် မွေးရာပါအခွင့်အရေးများအဖြစ်ရရှိပြီး ဖြစ်ကြောင်း။

ယခုကျင်းပနေသော အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများ၌လည်း မိမိတို့ မြန်မာတိုင်းရင်းသားအမျိုးသမီးများ၊ ကလေးသူငယ်များ၏ အခွင့်အရေးများကိုလည်း အာမခံချက်ပေးထားသည်ကို တွေ့ရသည့်အတွက် အလွန်ပင် အားရကျေနပ်မိကြောင်း။

နိဂုံးချုပ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးသို့ အရောက်ပို့ဆောင်ပေးမည့် အမျိုးသားညီလာခံကြီး ကြိုဆိုထောက်ခံပါကြောင်းကို ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသည်။

အုတ်မြစ်ချပေးနေ

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ မြို့မိမြို့ဖ ဒေါက်တာစိုးလင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့နိုင်ငံတော်အစိုးရသည် တပ်မတော်နှင့် ပြည်သူက ကြည်ဖြူစွာ လက်ခံထားရုံမျှမကဘဲ ၁၃၅သန်းရှိသည့် ပြည်ထောင်စုသားအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အနာဂတ်တွင် ပေါ်ထွန်းလာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို အခြေခံကစပြီး အုတ်မြစ်ချပေးနေသည့်ကာလဟု ပြောဆိုလျှင် ရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အတိုက်အခိုက်ရပ်စဲပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဤသို့ တည်ငြိမ်အေးချမ်းမှုရရှိရန် ဆောင်ရွက်မှု၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်က တည်ဆောက်မှုများသည် တိုင်းရင်းသားပြည်သူတွေ၏ စားဝတ်နေရေး၊ အသက်ရှင်ရေး၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကာယကံမြောက် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများဖြစ်ကြောင်း။

ယခုအခါတိုင်းပြည်နှင့်လူမျိုးအတွက် တကယ့်လက်တွေ့အကျိုးကျေးဇူးရှိမည့် နိုင်ငံရေးအနှစ်သာရ ပြည့်ဝသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ပြဋ္ဌာန်းပေးနိုင်ခဲ့ကာ လက်တွေ့ဘဝတွင်လည်း အခြေခံအကျဆုံးဖြစ်သော ပထမအဆင့်ကို ပီပြင်စွာအကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပနေဆဲဖြစ်သည့် အမျိုးသားညီလာခံကြီးသည် ယနေ့ တိုင်းပြည်၏ ပကတိပြယုဂ်ဖြစ်ကြောင်း၊ သမိုင်းမှတ်ကျောက်လည်းဟုတ်ကြောင်း။

ကြိုဆိုထောက်ခံ

(၁၃၅)သန်းရှိသည့် တိုင်းရင်းသား မျိုးနွယ်စုအားလုံးသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဇာတိမာန်အပြည့်ဖြင့် ရင်နှီးချစ်ခင် ကြည်ဖြူစွာနှင့် နိုင်ငံတော်၏ ရှေ့ရေးအတွက် လက်ရေတစ်ပြင်တည်း တိုင်ပင်ညှိနှိုင်းဆွေးနွေးနေကြပြီဖြစ်ကြောင်း၊ မကြာမတင်ကာလတွင် မိမိတို့အားလုံး မျှော်မှန်းခဲ့ကြသည့် အနာဂတ်နိုင်ငံတော်သစ်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဥပဒေများ ပေါ်ထွန်းထွက်ပေါ်လာတော့မည်ဖြစ်၍ မိမိတို့အားလုံးက ကြိုဆိုထောက်ခံကြောင်း။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားဆောင်ရွက်မည်ဆိုလျှင် မူဝါဒလမ်းစဉ်၊ ဦးတည်ချက်၊ ရည်ရွယ်ချက် ခိုင်မာပြတ်သားတိကျရန် အထူးအရေးကြီးကြောင်း၊ ကိုယ့်တိုင်းပြည်ကိုယ့်ရေမြေသဘာဝနှင့် ကိုက်ညီသည့်လုပ်ငန်းစဉ်များကို ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိရန်လည်းလိုအပ်ကြောင်း။

လက်ရှိနိုင်ငံတော်အစိုးရသည် တိကျသည့် အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန်အရေးသုံးပါးကိုခံယူထား ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယခုကျင်းပနေသော အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ချမှတ်ပြီးသည့် အခြေခံမူများကိုလေ့လာသောအခါ နိုင်ငံသားအားလုံးအတွက် လူ့အခွင့်အရေးများ၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုများ၊ အမျိုးသားရေးအကျိုးစီးပွားများ ပြည့်ပြည့်စုံစုံ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်၌ မြန်မာနိုင်ငံသားအားလုံး၏ ဘဝသည် သာသာယာယာရှိမည်၊ လုံခြုံမှုအပြည့်အဝရှိမည်၊ ဖွံ့ဖြိုးတိုးတက်မည်ဆိုသည်ကို မိမိရဲရဲကြီးပြောရဲကြောင်း ကိုယ့်အင်ကိုယ့်အားဖြင့် နိုင်ငံတော်သစ်ကြီးကို မုချမလွဲမသွေ ထူထောင်နိုင်မည်ဆိုသည်ကို ယုံကြည်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

ကျေးဇူးရှင်ဖခင်ကြီး ဦးမောင်မောင်(တစ်နှစ်ပြည့်)အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းစိန်လမ်းမကြီး (၁)ရပ်ကွက်နေ ဇနီး ဒေါ်ခင်ကြည်နှင့် သား၊ သမီး၊ မြေးတစ်စုတို့က အလှူတော်ငွေကျပ်တစ်သိန်းကို ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်းဦးတင်ရွှေထံ ပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)

❐ စာမျက်နှာ ၁၂ မှ

ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် မိမိတို့ပြည်သူအများလိုလားတောင့်တသည့် လူ့အခွင့်အရေးများရရန်၊ ပြည်သူတစ်ရပ်လုံးသာယာဝပြောရန် ဆောင်ရွက်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရန်ဖန်တီးပေးမည့် ညီလာခံကြီးဖြစ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသားညီလာခံကြီးသည် မြန်မာနိုင်ငံ၏ အနာဂတ်အရေးအရာ သေချာရန်၊ လှပရန် ဖန်တီးပေးမည့် ညီလာခံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအတွက် ရတောင့်ရခဲ၊ ဖြစ်တောင့်ဖြစ်ခဲ အခွင့်အလမ်းကြီးတစ်ခုပဲဖြစ်ကြောင်း၊ ဤစစ်မှန်သည့် ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးရေးဆွဲကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံနှင့်လူမျိုးအတွက် စစ်မှန်သည့် ဒီမိုကရေစီအခွင့်အရေးများကို ဖော်ဆောင်ပေးမည်ဆိုသည်မှာသေချာကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ဆင်နွှဲသင့်သော ညီလာခံကြီးဖြစ်ကြောင်း၊ တကယ်တမ်း စစ်မှန်သည့် ဒီမိုကရေစီကို လိုလားသူမှန်သမျှ ပါဝင်ဆောင်ရွက်သင့်သော ညီလာခံကြီးဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် ပိတ်ဆို့တားဆီးမှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများကို ကျော်ဖြတ်လာနိုင်ခဲ့ပြီးနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးပါမကျန် မြို့ပြနှင့် ကျေးလက်အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရုံသာမက မိမိတို့လိုလားသည့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေးကိုပါ အကောင်အထည်ဖော်လာပြီဖြစ်၍ အားရကျေနပ် ဝမ်းမြောက်ဝမ်းသာရှိလှကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဓာနအကျဆုံးဖြစ်သည့် ပထမဦးဆုံးအဆင့်**"အမျိုးသားညီလာခံကြီးကို"** ထပ်ဆင့်ကြိုဆိုထောက်ခံပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာဖြင့် လက်တွဲညီညီ ချစ်ချစ်ခင်ခင် ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသောပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၉ နာရီ ၁၀မိနစ်တွင် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

အချပ်ပို(၄) မျက်နှာ ဖော်ပြပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ဖော်ပြပါရှိပါသည်။

ဥက္ကံမြို့မလူမှုရေးအသင်း နှစ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၆

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက်မွေရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ နယ်သားများ တက်ရောက်ကြရန်နှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးအောင် အသင်းဝင်သားသမီးများသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း-၅၃၇၄၃၇ထံ အကြောင်းကြားရန် နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်တိုင်းတွင် သုံးနှစ်အတွင်း ကြက်ဆူပင်ကေါင်းသိန်း စိုက်ရန်လျာထား ပျိုးပင်များကို စနစ်တကျပြုစုထိန်းသိမ်းပြီး လျာထားကေအပြည့်အဝစိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခြံစည်းရိုး ကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်၍ ကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးထောင်ပေးပြီး သန်လျင်မြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ခြံစည်းရိုးပင်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နန်းဟေဝန်ပျိုးဥယျာဉ်၌ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကြက်ဆူပင် ပျိုးပွဲတော်သို့ ရောက်ရှိလာပြီး အမှာစကားပြောကြားရာတွင် ခြံစည်းရိုး ကြက်ဆူပင်သည် မြန်မာနိုင်ငံ၌ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းစသည့် အပူပိုင်းဒေသများနှင့် ရှမ်းပြည်နယ်၌ ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် ယာမြေ၊ အိမ်ခြံ၊ ရွာစည်းရိုးများတွင် ခြံစည်းရိုးပင်အဖြစ် စိုက်ပျိုးခဲ့ကြကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်သည် မြန်မာနိုင်ငံအနှံ့ မြေကောင်းမြေညံ့ မရွေးစိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး နှစ်(၅၀)သက်တမ်းရှိသည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူစေ့၌ ဆီပါဝင်မှုများ၍ အစေ့၏ ၈၉ရာခိုင်နှုန်းအထိ ဆီကြိတ်ယူနိုင်ပြီး စက်မောင်းဆီအဖြစ် အသုံးပြုနိုင်ကြောင်း။

ဆေးဖက်ဝင်

ခြံစည်းရိုးကြက်ဆူပင်သည် ဘိုင်အိုဒီဇယ်အဖြစ် ထုတ်ယူနိုင်ရုံမက ဆေးဖက်ဝင် ပစ္စည်းအဖြစ်လည်း အသုံးပြုနိုင်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်မှရရှိသည့် အသီးကို ဒေသလုပ်လက်ကြိတ် ကိရိယာများဖြင့် ကြိတ်၍ဘိုင်အိုဒီဇယ်ဆီထုတ်ယူနိုင်ပြီး စက်မောင်းဆီအဖြစ် အသုံးပြုနိုင်သဖြင့် ဒေသခံတောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမှာ ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း ၂၀၀၆ ခုနှစ်မှစတင်၍ သုံးနှစ်အတွင်း ကြက်ဆူပင် ဧက ငါးသိန်းစိုက်ပျိုးရန် လျာထားပြီးဖြစ်ရာ ယနေ့ပျိုးထောင်ခဲ့သည့် ပျိုးပင်များကိုစနစ်တကျပြုစုထိန်းသိမ်းပြီး လျာထားစိုက်ဧက ငါးသိန်းအပြည့် အဝစိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာနှင့် အသုံးဝင်ပုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ပြည့်က ခရိုင်အတွင်းရှိ မြို့နယ်များ၌ ပျိုးထောင်ရန်အတွက် ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး ခြံစည်းရိုးကြက်ဆူကိုင်းမှ အမြစ်နှင့် အညွှန့်အထွက်အား ကောင်းစေရန် ဟိုမုန်းဆေးစိမ်ခြင်း လက်တွေ့ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးစဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော်တွင် မျိုးစေ့ပေါင်း ၃၀၀၀၀နှင့် မျိုးကိုင်းပေါင်း ၁၀၀၀၀ ပျိုးထောင်ပေးခဲ့ကြောင်းသိရှိရသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် စက်မှုလယ်ယာဦးစီးဌာန၏ အမှတ်(၁၈) ထွန်စက်စခန်း၌ကျင်းပသည့် လယ်ယာ(၁၆)လက်တွန်းထွန်စက် လွှဲပြောင်းပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးဉာဏ်ဝင်းက ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်ထံ လယ်ယာ(၁၆) လက်တွန်းထွန်စက် ၁၀စီးကို လွှဲပြောင်းပေးအပ်သည်။

ကူညီဆောင်ရွက်ခဲ့

ယင်းနောက် တိုင်းမှူးက လယ်ယာ(၁၆)လက်တွန်းထွန်စက်များကိုတောင်သူလယ်သမားများ၏ လက်ဝယ်သို့ အရောက်ရောင်းချရာတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြင်းကောင်ရေ(၁၆) ကောင်အားရှိသည့် လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ လက်တွန်းထွန်စက်တွင် တပ်ဆင်အသုံးပြုသည့် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် လွှဲပြောင်းပေးအပ်သည့် လက်တွန်းထွန်စက်များကို ကြည့်ရှုကြသည်။

ပျိုးထောင်ပေး

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထွန်စက်စခန်းဝင်းအတွင်းရှိ ခြံစည်းရိုး ကြက်ဆူပင် ၃၂၀၀စိုက်ခင်းနှင့် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူစေ့ပျိုးပင် ၁၂၀၀နှင့် မျိုးကိုင်းပျိုးပင် ၁၂၀၀ကို လည်းကောင်း၊ ကြက်ဆူဆီမှ ထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်ဆီဖြင့် လယ်ယာ(၁၆)လက်တွန်းထွန်စက်မောင်းနှင်ပြသမှုကိုလည်းကောင်း လိုက်လံကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအနီးရှိ ပဲတီစိမ်း ပန်းတိုင်အထွက်နှုန်းအထူးဇုန်ဧက ၃၃၀၀၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရန်ကုန်တိုင်း)မှ ကျင်းပသည့် ပဲတီစိမ်းပန်းတိုင်အထွက်နှုန်းနည်းပညာလက်တွေ့ ပြသပွဲသို့ ရောက်ရှိလာပြီး ပုဂ္ဂလိကကုမ္ပဏီများနှင့် အဖွဲ့အစည်းများက ပြသထားသည့် အပင်ရွက်ဖျန်းအားတိုးဆေးများ၊ ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ယခုနှစ်အတွင်း ယနေ့အထိ ပဲတီစိမ်း ၁၁၃၂၃၂ဧက အပါအဝင် ရန်ကုန်တိုင်း၌ ပဲမျိုးစုံ ၃၈၇၂၅၁ဧက စိုက်ပျိုးပြီးဖြစ်ရာ ယခင်နှစ်ကထက် ပဲမျိုးစုံ ၃၄၀၉၃ ဧက ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အလွမ်းဆွတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်၍ မှာကြားပံ့ပိုးဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း စိုက်ပျိုးရေပေးဝေနေမှုနှင့် အလွမ်းဆွတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရရှိသည့် စိုက်ပျိုးရေဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၆

လှိုင်မြို့နယ် (၁၃)ရပ်ကွက် မီးဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ရက် မွန်းတည့် ၁၂နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးစူဝမ်း(ခ) ဦးမြင့်စိုးက အလှူငွေ ၁၈၈၃၃၅၅ကျပ်နှင့် အမေများအဖွဲ့မှ ဒေါ်ခင်လေးဆွေနှင့် အဖွဲ့က အလှူပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် နှစ်စဉ် တိုးချဲ့စိုက်ပျိုး ကပ်နီးကပ်ဝေး ငါးဖမ်းလုပ်ငန်းများ တိုးချဲ့ တစ်နှစ်ချင်း စီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေနှင့် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် နံနက် ၇နာရီခွဲတွင် ဟိုင်းကြီးကျွန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ တာဝန်ခံ ဆရာဝန် ဒေါက်တာဇော်မင်းသိုက်နှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆေးရုံရှိ အမျိုးသားလူနာခန်း၊ ခွဲစိတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ခွဲစိတ်ခန်း၊ မီးဖွားခန်း၊ အမျိုးသမီးလူနာခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဆရာဝန်က လိုက်လံရှင်းလင်းပြသသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကြေးချို့တဲ့သော လူနာများအား ဆေးဝါးအခမဲ့ ကုသနိုင်ရေးအတွက် ဆေးပဒေသာပင် အလှူငွေကို ယခုထက် ပိုမိုရှာဖွေ စုဆောင်းထားရန် မှာကြားကာ ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို ဆေးရုံ တာဝန်ခံ ဆရာဝန် ဒေါက်တာဇော်မင်းသိုက်သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ငရုတ်ကောင်းအပင် ၁၈၀၀ စိုက်ခင်းနှင့် ရော်ဘာပျိုးပင် ၃၆၆၄၅ပင် ပျိုးခင်းသို့ ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ငရုတ်ကောင်းပင်နှင့် ရော်ဘာပျိုးပင်များကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရော်ဘာပျိုးပင်များကို **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဟိုင်းကြီးတပ်နယ်ရှိ ရော်ဘာပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်သူများ တစ်ခဲနက်တောင်းဆိုခဲ့သည့် ဒီမိုကရေစီနိုင်ငံတော်သစ် အခြေခံအုတ်မြစ်များ အခိုင်အမာတည်ဆောက်ပေးနေ ကိုယ်စားလှယ်များစွာ အလှာပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းသော အမျိုးသားညီလာခံမျိုး ယနေ့ ဒီမိုကရေစီ စံပြုရပါသည်ဆိုသည့် နိုင်ငံကြီးများ အခြေခံဥပဒေရေးဆွဲခဲ့စဉ်ကတောင် မကျင်းပခဲ့

ရန်ကုန် ဇန်နဝါရီ ၁၆

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၃၁ မြို့နယ်မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ●

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

တောင်သူလယ်သမားများဘဝ သာယာလှပဖို့ ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြပါစို့

☆ ကြက်ဆူဆီဖြင့် ကျေးရွာသုံးမီးစက် မူလဒီဇယ်အင်ဂျင် (ISUZU) အမျိုးအစားမြင်းကောင်ရေ ၈၇ ကောင်အားရှိ အင်ဂျင်နှင့် တွဲဖက်အသုံးပြုနိုင်သော ဒိုင်နမို ကီလိုဝပ် ၄၀ ကို ကြက်ဆူဆီတစ်ဂါလန်ဖြင့် မိနစ် ၅၀ ကြာ မောင်းနှင်နိုင်သည်။

☆ ကြက်ဆူဆီဖြင့် မီးအိမ်များထွန်းညှိ၍လည်း ရေနံဆီမီးအိမ်အစား အသုံးပြုနိုင်သည်။ ၎င်းအပြင် ရေနံဆီမီးဖိုအစား ကြက်ဆူဆီဖြင့် ထမင်း၊ဟင်းနှင့် စားသောက်ဖွယ်ရာများ အလွယ်တကူချက်ပြုတ်နိုင်သည်။

☆ ခြံစည်းရိုးကြက်ဆူပင် တစ်ဧက စိုက်ပျိုးပါက ကြက်ဆူစေ့တင်း ၁၃၀ အထိ ထွက်ရှိနိုင်ပြီး ၎င်းကို ဆီကြိတ်ပါက ဆီဂါလန် ၁၀၀ ရရှိနိုင်မည်။ တစ်နှစ်အတွင်း အပိုဝင်ငွေ ကျပ်သုံးသိန်းရရှိမည်။ သဘာဝမြေသြဇာအဖြစ် ကြိတ်ဖတ်ပိဿာ ၆၅၀ ရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုနိုင်မည်ဖြစ်သည်။

နတ်မောက်ထွန်းရှိန်၏ ***"တောင်သူလယ်သမားများဘဝသာယာလှပဖို့ ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြပါစို့"*** (ဆောင်းပါး) (စာမျက်နှာ–၆၊ ၇)

တစ်ခဲနက် ကြွေးကြော်

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော် ကြစဉ်။

(သတင်းစဉ်)